# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၀)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၊ ၁၂–၉–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၂

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ စနေနေ့။

မန္တလေး

## မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရေးအတွက် ကြီးကြပ်ပံ့ပိုးကူညီမှုများဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုဝင်များသည် သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေတစ်ရပ်ရပ် ကြုံတွေ့ရပါက ပိုမိုထိခိုက်ခံစားနိုင်ရသူများဖြစ်၍ မသန်စွမ်းသူများအရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၅) တွင်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးကဆက်လက်ပြောကြားရာတွင် မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အများနည်းတူ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပံ့ပိုးစေလိုကြောင်း၊ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းမှတ်ပုံတင်ရရှိစေရေး စသည့်အရေးကြီးကိစ္စများအတွက်လည်း ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အလုပ်ခန့်အပ်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝေပုံကျ နှုန်းထားသတ်မှတ်အလုပ်ခန့်အပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ မူဝါဒများရေးဆွဲချမှတ်ရာတွင် မသန်စွမ်းမှုဆိုင်ရာအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြောင်း၊ နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် မသန်စွမ်းများ ပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် အခက်အခဲကြုံတွေ့ရသည့် ဘေးသင့်ဒေသများမှ မသန်စွမ်းသူများအား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ စိစစ်တင်ပြပေးမှုအရ လတ်တလောသက်သာချောင်ချိစေရေး ပံ့ပိုးကူညီမှုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီခြင်း၊ မသန်စွမ်းသူများအတွက် အခြေခံအခွင့်အရေးများဖြစ်သည့် အထူးပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သဘာဝဘေးအန္တရာယ်တွေ့ချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့အား စနစ်တကျ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ရရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများ ဖြစ်ပေါ်လာရေးသက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




## မဟာအောင်မြေမြို့နယ် လူထုအခြေပြု ဗဟိုဌာန၌ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)စာဖတ်ဝိုင်း ကျင်းပ




**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ စာပေချစ်မြတ်နိုးသူများအသင်း (Book Club)စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။ (အပေါ်ပုံ)

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့်ရရှိသည့် ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်စေရန်၊ စာပေချစ်မြတ်နိုးသူ အချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရရှိပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာရေးဆရာမကြီး ဒေါ်နုနုကြည်(အမေ့အိမ်)က ဦးဆောင်၍ စာရေးဆရာ စိုင်းအောင်မိန်း(မိုတိုင်း)၊ စာရေးဆရာ အိုဝေ(မြေနီကျင်း)၊ စာရေးဆရာ မင်းလပြည့်(ဟားခါး)၊ စာရေးဆရာဟာမိုနီ၊ မောင်းမင်းမူ(ပံသုကူ)တို့က စာရေးဆရာ မြသန်းတင့်ရေးသားသော ဧကရီဖွားစော စာအုပ်ပါ အကြောင်းအရာများအား တစ်ဦးချင်းစီ အပြန်အလှန်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် စာပေချစ်မြတ်နိုးသူများအသင်း(Book Club)မှ အဖွဲ့ဝင်များက စာရေးဆရာများ ဆွေးနွေးသည့်အကြောင်းအရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း၊ ဆွေးနွေးရာ စာရေးဆရာကြီး၊ ဆရာမကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

## မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)အကြောင်း ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်(၆၂)၊ ၈၆လမ်း၊ ၁၆လမ်းထောင့်ရှိ သစ်လွင်မွှေ့ရုံ၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဦးဆောင်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)အကြောင်း ရှင်းလင်းပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းကြွယ်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကံငွေး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ပြည်ကြီးရန်လုံ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမင်းသန်း၊ အတွင်းရေးမှူး ဦးမိုးဦးလွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူ ၄၂၃ ဦး၊ မေဃာဝီရိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်၊ အတွင်းရေးမှူး ဒေါ်သင်းသီရိစံနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်စိုးစိုးနိုင်နှင့် ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူ ၃၁၀ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းကြွယ်က အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထက်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ အသုံးပြုကိုင်တွယ်ပုံတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်ကွက်နေပြည်သူများက လက်တွေ့သရုပ်ပြ၊ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ (၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ အစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့

☆ ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကို တွေ့ရ

☆ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့

☆ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်လည်း ဆွေးနွေးနိုင်ခဲ့

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာလဆန်းပိုင်းအထိ တရုတ်နိုင်ငံသို့သွားရောက်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အပေါင်းအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း၊ ထို့ပြင် ပေလုံကျန်းပြည်နယ် ဟာပင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့တို့သို့လည်း သွားရောက်လေ့လာခဲ့ကြောင်း။

**SCO အစည်းအဝေးနှင့် GGI အချက်(၅)ချက်**

မိမိတို့နိုင်ငံသည် SCO အဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)သို့ တက်ရောက်ခဲ့ကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် အရေးပါသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့ကဦးဆောင်၍ ဒေသတွင်းလုံခြုံရေးအတွက် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့သည် နိုင်ငံများစွာပါဝင်လာပြီး လုပ်ငန်းပမာဏသာမက အင်အားကြီးမားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာသည်ကိုလည်း တွေ့ရှိရကြောင်း။

SCOအဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ ပါဝင်သည်ကို တွေ့ရကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအားလုံး၏ GDP မှာ ဒေါ်လာ ၃၀ ဒသမ ၁၇၁ ထရီလီယံရှိသည်ကို တွေ့ရကြောင်း၊ ထိုအထဲတွင် GDP အမြင့်ဆုံးမှာ တရုတ်နိုင်ငံဖြစ်ကြောင်း၊ SCO အဖွဲ့၏ စုစုပေါင်းလူဦးရေမှာလည်း ၃ ဒသမ ၉၀၅ ဘီလီယံရှိသည်ကိုတွေ့ရကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာဖက်နိုင်ငံများအားလုံးတွင် စက်မှုလုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဆောင်ရွက်သည့်နိုင်ငံများ၊ သယံဇာတပစ္စည်းများ ကြွယ်ဝသည့်နိုင်ငံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နိုင်ငံများစသည့်နိုင်ငံများ အသီးသီးပါဝင်သကဲ့သို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာကိုးကွယ်သည့် နိုင်ငံများပါဝင်ပြီး ဘာသာပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍပေါင်းစုံပါဝင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မိမိတို့နိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်၌ အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့မလိုလားသော နိုင်ငံများ၊ အစိုးရများအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ ဘဏ္ဍာရေးအရ၊ အုပ်ချုပ်ရေးအရ ဖိနှိပ်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိကြောင်း၊ ၎င်းကိစ္စများအား နိုင်ငံတကာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်သွားရန်လိုကြောင်း။

**ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား**

မိမိနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးက အလေးနက်ထားစောင့်ကြည့်ခဲ့ရသော အခမ်းအနားဖြစ်ပြီး အဓိကအချက်(၃)ချက်ကို မှတ်မှတ်ထင်ထင်တွေ့မြင်ခဲ့ရကြောင်း၊ ပထမအချက်မှာ တရုတ်တပ်မတော်၏ လေ့ကျင့်သားပြည့်ဝမှုကို မြင်တွေ့ခဲ့ရကြောင်း၊ ဒုတိယအချက်မှာ စစ်ရေးပြအခမ်းအနားတွင် ပြသခဲ့သည့် စစ်လက်နက်ပစ္စည်းများသည် ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သော ကမ္ဘာကြီး၏ အင်အားချိန်ခွင်လျှာကို ထိန်းညှိပေးနိုင်သည့် စွမ်းပကားရှိသည်ကို လေ့လာသိရှိရသည့်အတွက် တရုတ်နိုင်ငံ၏ကာကွယ်ရေးစွမ်းပကားမှာ များစွာတိုးတက်လာသည်ကို တွေ့ရကြောင်း၊ တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသားများ၏ စည်းကမ်းရှိမှု၊ စနစ်ကျနမှုတို့ပင်ဖြစ်ကြောင်း၊ သမ္မတကြီး ရှီကျင့်ဖျင်၏ မိန့်ခွန်းတွင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများအပေါ် ကျရောက်နိုင်သည့် ခြိမ်းခြောက်မှုများအားလုံးကို တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ရင်ဆိုင်နိုင်သည်ဟု ထည့်သွင်းပြောကြားသွားကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်ပေးနိုင်သည့် စွမ်းပကားရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း။

အစည်းအဝေးနှင့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ချိန်အတွင်း တရုတ်နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံသမ္မတတို့အပါအဝင် နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်နိုင်ရေး ၎င်းတို့အနေဖြင့် လိုလားသည်ကိုတွေ့ရကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့အပါအဝင် အခြားနိုင်ငံများမှ ခေါင်းဆောင်များနှင့်လည်း နိုင်ငံအလိုက် ကုန်သွယ်မှုလုပ်ငန်းများ ယခုထက်ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေး ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးလမ်းကြောင်းများ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်လည်း ဆွေးနွေးနိုင်ခဲ့ကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး လုပ်ငန်း အဆိုပြုချက်(၅)ခု၊ Global Governance Initiative (၅)ချက်ကို တင်သွင်းခဲ့ကြောင်း၊ ပထမအချက်မှာ နိုင်ငံတိုင်းသည် တန်းတူအခွင့်အရေးရှိကြောင်းကို အခြေခံ၍ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်သင့်သည်၊ ဒုတိယအချက်မှာ ကမ္ဘာ့အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ၌ နိုင်ငံတကာဥပဒေသည် နိုင်ငံအားလုံးအပေါ်တွင် အညီအမျှ စိုးမိုးရမည်ဟူသော အချက်ပေါ်တွင် အခြေခံသည်၊ တတိယအချက်မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်သည် နိုင်ငံအများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှုအပေါ်တွင် အခြေခံထားသင့်သည်၊ စတုတ္ထအချက်မှာ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုစနစ်တွင် ပြည်သူကိုဗဟိုပြုချဉ်းကပ်သော နည်းလမ်းများအပေါ်တွင် အခြေခံထားသင့်သည်၊ ပဉ္စမအချက်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုစနစ်သည် စစ်မှန်သော ရလဒ်များပေါ်တွင်သာ အခြေခံထားသင့်သည်ဟု ပါရှိကြောင်း၊ ထို့ကြောင့် အဆိုပါဆွေးနွေးချက် (၅)ချက်သည် မိမိတို့နှင့်သဘောထားချင်း နီးစပ်ကိုက်ညီသည့်အတွက် မိမိအနေဖြင့် ထောက်ခံဆွေးနွေးခဲ့ကြောင်း၊ ၎င်းအချက်(၅)ချက်သည် ကမ္ဘာ၌ လက်ရှိဖြစ်ပျက်နေသည့် ဖြစ်စဉ်များနှင့်လည်း ကိုက်ညီမှုရှိကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအလိုက်မှ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် မိမိတို့နိုင်ငံ၏ဖြစ်ပေါ်ပြောင်းလဲမှုများ၊ နှစ်နိုင်ငံဆက်ဆံရေး အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့နိုင်ငံနှင့်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်လိုသကဲ့သို့ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုအပေါ်တွင် ထောက်ခံပါကြောင်းနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပြောကြားနိုင်ခဲ့ကြောင်း၊ ထိုသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းအတွက် မိမိတို့နိုင်ငံ၏ နိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့ကြောင်း။

မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တီယန်ကျင်းမြို့မှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့စီးနင်းလိုက်ပါရသည့်အချိန်တွင်လည်း တရုတ်နိုင်ငံ၏ ရထားပို့ဆောင်မှုများမှာ အဆင့်မြင့်သည့် ပို့ဆောင်မှုစနစ်ဖြစ်သည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မိမိတို့နိုင်ငံတွင် ရထားပို့ဆောင်မှုစနစ် အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများနှင့် သက်ဆိုင်သည့် ပို့ဆောင်ရေးစနစ် (Public Transportation) ရထားပို့ဆောင်ရေးစနစ်ကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်မှသာ ကောင်းမွန်သည့် ပို့ဆောင်ဆက်သွယ်ရေးစနစ်များ ဖြစ်လာမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ တွေ့မြင်ခဲ့ရကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံ ဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အကူအညီများတောင်းခံခဲ့ပြီး မိမိတို့နိုင်ငံအတွက် အထောက်အပံ့များ အထိုက်အလျောက်ရရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာ မိုဒီနှင့် တွေ့ဆုံဆွေးနွေးစဉ်ကလည်း မိမိတို့နိုင်ငံ၏ ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် အကူအညီများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် လမ်း၊ တံတားများ၊ အဆောက်အအုံများအား အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်မှသာ ပြည်သူများ၏ လူမှုဘဝများ ပုံမှန်ပြန်လည် လည်ပတ်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

### ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး

မိမိအနေဖြင့် တီယန်ကျင်းမြို့နှင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့တို့၌ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယခင်ကဆောင်ရွက်လျက်ရှိသည့် မိမိတို့နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ကြန့်ကြာမှုမရှိစေရေး ပြန်လည်စိစစ်ဆောင်ရွက်ရန်လိုသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာခြင်း၊ နည်းပညာများရရှိခြင်းတို့မှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တရုတ်ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံလိုကြသည်ကိုသိရှိခဲ့ရကြောင်း၊ ကုန်သွယ်မှုတွင်လည်း ယွမ်နှင့်ကျပ်တိုက်ရိုက်ပေးချေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ များစွာရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဒေါ်လာဖြင့်သာမက ယွမ်နှင့်ပါ ဆောင်ရွက်နိုင်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာပြီး နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုကို ယွမ်ဖြင့်ပြုလုပ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်ဆန်တိုးတက်စေရေး နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့်မြန်မာ-တရုတ်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအသင်းကို ဖွဲ့စည်းဆောင်ရွက်ရန် ပြောကြားထားပြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍအား အချိန်ယူလေ့လာကြည့်ရာတွင် လမ်းစဉ်ပါတီခေတ်၌ လယ်ယာထွက်ကုန် ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး နဝတခေတ်တွင် လယ်ယာထွက်ကုန် ၃၀ ရာခိုင်နှုန်း ကျော်ခန့်ရှိကြောင်း၊ သစ်တောထွက်ပစ္စည်း၊ ရေထွက်နှင့်တွင်းထွက်ပစ္စည်းများ ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ နယကခေတ်တွင် လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်ခန့်သာရှိကြောင်း၊ ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင်လည်း လယ်ယာထွက်ကုန်များကို ၂၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်ခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့အစိုးရသက်တမ်းကာလတွင် လယ်ယာထွက်ကုန်များကို ၃၉ ရာခိုင်နှုန်းခန့်တင်ပို့နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်ကုန်ပစ္စည်းများထက် သယံဇာတပစ္စည်းများနှင့် CMP ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်သည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် နိုင်ငံဖြစ်၍ လယ်ယာထွက်ကုန်ပစ္စည်းများကို ယခုထက် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း။

မိမိတို့အစိုးရ၏ ၅ နှစ်တာကာလအတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၂ ဘီလီယံကျော်ခန့်ရှိသည်ကို တွေ့ရကြောင်း၊ သို့သော်ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ၂၀၂၂ ခုနှစ်မှစတင်၍ နိုင်ငံအတွင်း စားသုံးဆီများလုံလောက်စွာထုတ်လုပ်နိုင်ရေးတိုက်တွန်းပြောကြားခဲ့သော်လည်း ယခုအချိန်အထိ လုံလောက်မှုမရှိသေးကြောင်း၊ ထို့ကြောင့်စားသုံးဆီများကိုပြည်ပမှတင်သွင်းနေရပြီး နှစ်စဉ်နိုင်ငံခြားငွေများ ကုန်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ဆီထွက်သီးနှံများကို တစ်ဧကအထွက်နှုန်း ပြည့်မီအောင် စိုက်ပျိုးနိုင်မည်၊ နေကြာစိုက်ပျိုးရေးကို တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီများ ဖူလုံမှုရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

ထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက်အားလုံးက အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် ဟေလုံကျန်းပြည်နယ်နှင့် စီချွမ်ပြည်နယ်များသို့ရောက်ရှိစဉ် ၎င်းတို့ပြည်နယ်များ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများ AI စနစ်များကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ စက်မှုလယ်ယာစနစ်ကူးပြောင်းရန်ကြိုးပမ်းနေရချိန်တွင် အိမ်နီးချင်းနိုင်ငံ၌ ပို၍မြင့်မားသောအဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ လူနေမှုအဆင့်အတန်း ကောင်းမွန်မှု၊ သန့်ရှင်းသပ်ရပ်မှု၊ တစ်ဦးချင်း စည်းကမ်းလိုက်နာမှုနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်မှုများကိုလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း၊ မိမိတို့ထက်ကောင်းမွန်သာလွန်မှုများကို အတုယူဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့သွားရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံအတွက် အကျိုးရှိသည့် ခရီးစဉ်ဖြစ်ပြီး လေ့လာတွေ့ရှိခဲ့ရသည်များကို ပြန်လည်မျှဝေပေးခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသ၌ နေထိုင်သူများဖြစ်ပြီး ၎င်းလုပ်ငန်းကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသနှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် အလေးအနက်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရေး မိမိတို့နိုင်ငံထက် ပိုမိုသာလွန်ကောင်းမွန်သည့် နိုင်ငံများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်သွားရန်လိုကြောင်း။

#### ဝါး၊ ဝါနှင့်ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး

ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်သဘောမျိုးဆောင်ရွက်ခြင်းထက် ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် တီထွင်ကြံဆ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ Agro-Base Industries တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ အနှံ့အပြားတွင် ဝါးများထွက်ရှိကြောင်း၊ ဝါးပင်၏ သက်တမ်းသည် အများဆုံး ၁၀ နှစ်မှ အနှစ် ၂၀ ခန့်ရှိပြီး အသုံးမပြုပါက အလဟဿဖြစ်ရကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝါးမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သွားရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများက အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

အလားတူ ဝါနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါများစိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဝါများယခုထက်ပိုမိုထွက်ရှိအောင်စိုက်ပျိုး၍ ဝါမှချည်ထည်နှင့် အခြားထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ရော်ဘာကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းဝါး၊ ဝါနှင့် ရော်ဘာတို့သည် မိမိတို့နိုင်ငံအတွင်းတွင် ရှိထားပြီး၊ စိုက်ပျိုးဖြစ်ထွန်းထွက်ရှိပြီး ပစ္စည်းများဖြစ်၍ အချိန်တိုအတွင်း ကုန်ချောနှင့်ရောင်းကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်သော လုပ်ငန်းများဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများအတွက် လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးကူညီသွားရန်အသင့်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများအတွက် စက်မှုကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတော်ကထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ကော်ဖီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် ကမ္ဘာပေါ်တွင် တန်းဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ ထို့ကြောင့်ကော်ဖီစိုက်ပျိုးထုတ်လုပ်ခြင်းများ တိုးတက်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် ပညာတတ်လူသားအရင်းအမြစ်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး မိမိတို့အစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနည်းဆုံးအဆင့်၊ အလယ်တန်းအဆင့်အထိ တက်ရောက်အောင်မြင်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ စက်မှုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်ကြောင်း၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးအခြေခံပညာကျောင်းများကိုဖွင့်လှစ်ထားသကဲ့သို့ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အဆင့်မြင့်ပညာရပ်များ သင်ကြားရာတွင်လည်း အဆင့်မီသည့် ပညာရေးဖြစ်စေရေး မဖြစ်မနေ ဆောင်ရွက်ပေးရန်လိုကြောင်း။

#### ပညာရည်မြင့်မားရေး

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကျောင်းသားအများစုသည် အစိုးရကျောင်းများတွင် ပညာသင်ကြားကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများ အရည်အချင်းနှင့် အရေအတွက်ပြည့်မီရေး၊ ကျောင်းများ အဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ကျောင်းများ၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ အပြည့်အဝ သင်ကြားနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ဥပမိရုပ်များ ကောင်းမွန်စေရေးအတွက်လည်း သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီသည့် အင်္ဂါရပ်များနှင့် ပြည့်စုံသည့် ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသည့် ကျောင်းများသည် ပြည်သူများက အားထားရသည့် စာသင်ကျောင်းများဖြစ်ရန်**လိုကြောင်း၊ ဆရာ ဆရာမများအတွက် လိုအပ်သည့် သက်သာချောင်ချိမှုနှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရေး နိုင်ငံတော်ကတတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့နိုင်ငံအတွက် လိုအပ်သည့် ပညာတတ် လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လတ်တလောဖြစ်ပေါ်နေသည့် နီပေါနိုင်ငံအတွင်း ဆူပူမှုများနှင့်ပတ်သက်၍ လေ့လာကြည့်သည့်အခါ ဆိုရှယ်မီဒီယာများအား မှတ်ပုံတင်ရန် ဆောင်ရွက်ခြင်းမှစတင်၍ ဖြစ်ပေါ်လာသည်ဟု သိရှိရကြောင်း၊ သို့သော် အဆိုပါဆူပူမှု၏ နောက်ကွယ်တွင် အင်အားကြီးနိုင်ငံအချို့ ပါဝင်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထိုသို့ ဆူပူမှုများဖြစ်ပေါ်ခြင်းအပေါ် မိမိတို့နိုင်ငံအတွက် သင်ခန်းစာဖော်ထုတ်ဆောင်ရွက်သွားရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အလုပ်လက်မဲ့များ လျော့ပါးစေရေးနှင့်ပတ်သက်၍လည်း အထူးအလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများများပြားလာပြီး ၎င်းတို့သွားရောက်သည့် နိုင်ငံများမှ ဥပဒေအောက်တွင်နေထိုင်ကြရကြောင်း၊ အချို့ဖိနှိပ်ခံရမှုများရှိသည်ဟု သိရကြောင်း၊ မိမိတို့နိုင်ငံသားများအားလုံး နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်အေးချမ်းစွာဖြင့် နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်နိုင်ငံအားပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ရွေးကောက်ပွဲကိုကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း။ စာမျက်နှာ ၅ သို့ ☆

❖ **မိမိတို့အစိုးရ၏ ၅ နှစ်တာကာလအတွင်း ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၂ ဘီလီယံကျော်ခန့်ရှိသည်ကို တွေ့ရ၊ သို့သော် ယခုထက်ပိုမို၍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ကုန်သွယ်မှုပိုငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်**

❖ **ထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာတိုးတက်လာမည်ဖြစ်၊ ပြည်ပမှတင်သွင်းနေရသည့် ပြည်တွင်းထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်လို၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေးမြှင့်တင်မှုအတွက် အားလုံးက အလေးထား ဆောင်ရွက်သွားကြရန်လို**

☆ စာမျက်နှာ ၄ မှ

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ရမည်ဖြစ်ပြီး လွှတ်တော်သည်လည်း သိက္ခာရှိသည့် လွှတ်တော်ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ ဘေးကင်းလုံခြုံစွာဖြင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများက အလေးပေးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေးအတွက် အဖျက်အမှောင့်လုပ်ဆောင်လာသူများကိုလည်း ထိရောက်စွာ အရေးယူမှုများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ခံမည့် ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံ၏အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန် အရေးသုံးပါးကို အမှန်တကယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူ ဖြစ်ရန်လိုကြောင်း၊ **ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် နိုင်ငံကောင်းအောင် ဆောင်ရွက်မည့်သူများ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာဝန်ကြီးချုပ်များက ဦးဆောင်ပြီး ဆောင်ရွက်ပေးသွားကြရန်မှာကြားလိုကြောင်း** ပြောကြားသည်။

### အထွေထွေဆွေးနွေးတင်ပြ

ထို့နောက်ကော်မရှင်အဖွဲ့ဝင်များနှင့်ပြည်ထောင်စုဝန်ကြီးများက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုယ်စားလှယ်လောင်းများလုံခြုံရေးနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်လုံခြုံရေး လုပ်ငန်းများကိုဆောင်ရွက်ရန်လျာထားမှု၊ ရွေးကောက်ပွဲကျင်းပရန်ပြင်ဆင်မှုများအား နှောင့်ယှက်သူများကို ရွေးကောက်ပွဲ ကာကွယ်ရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဝင်ရောက်မည့် ပါတီများ၏ ပါတီဝင်များအား စာရင်းကိုက်ညီမှုရှိစေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဖြစ်ပေါ်ခဲ့သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ကျောင်းသားကျောင်းသူများ၏ စာရိတ္တမဏ္ဍိုင်များ ထိန်းသိမ်းနိုင်ရေး၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှု၊ သာသနာရေးဆိုင်ရာများတွင် ဝိနည်းနှင့်လျော်ညီမှုမရှိစွာနေထိုင်သည့် သံဃာများနှင့် သီလရှင်များအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဒေသမှ တရားမဝင် ကုန်သွယ်မှုများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### နိဂုံးချုပ်အမှာစကားပြောကြား

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနများ၏ အချက်အလက်များ၊ ဝန်ထမ်းများ၏အချက်အလက်များသည် ဆိုရှယ်မီဒီယာများအသုံးပြုမှုမှတစ်ဆင့် လုံခြုံရေးကျိုးပေါက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များသည် တိုက်ရိုက်ကျိုးပေါက်ခြင်း၊ သွယ်ဝိုက်၍ကျိုးပေါက်ခြင်းများဖြင့် တစ်ဦးတစ်ယောက်ခြင်း ထိခိုက်ခြင်း၊ ဌာနအလိုက်ထိခိုက်ခြင်း၊ ထိုမှတစ်ဆင့် နိုင်ငံတော်အဆင့် ထိခိုက်ခြင်းများဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးပိုင်းဆိုင်ရာအရ အသိပညာပေးရန်နှင့် ထိထိရောက်ရောက် ကြပ်မတ်ခြင်းများဆောင်ရွက်သွားရန်လိုကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ထိရောက်စွာ တားဆီးနှိမ်နင်းသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဂိတ်များ တရားဝင်ဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာနိုင်ငံများနှင့် တိုက်တွန်းပြောဆိုလျက်ရှိကြောင်း၊ နယ်စပ်ဂိတ်များတရားဝင်ဖွင့်လှစ်နိုင်မှုမရှိဘဲ တရားမဝင် ကုန်သွယ်မှုများဖြစ်ပေါ်နေခြင်းသည် ကျားသေကိုအသက်သွင်းခြင်း၊ သူခိုးဓားရိုးကမ်းခြင်းပင်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် တရားမဝင် ကုန်သွယ်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် ကိုင်တွယ်ကြပ်မတ်သွားရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုများရှိနေသရွေ့ ပြည်တွင်းငြိမ်းချမ်းမှုရရှိရေး ခက်ခဲနေမည်ဖြစ်သဖြင့် ပါဝင်ပတ်သက်နေသူများအားလုံးကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍လည်း ဖော်ထုတ်ဖမ်းဆီးရမိမှုများ များပြားနေဆဲဖြစ်ပြီး ထုတ်လုပ်မှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမရှိစေရေး ဖော်ထုတ်တားဆီးနှိမ်နင်းသွားကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုမလုပ်ဆောင်နိုင်မှသာလျှင် ဖြန့်ဖြူးမှုနှင့် ရောင်းဝယ်မှုများသည်လည်း လျော့ကျသွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်၍ အွန်လိုင်းလိမ်လည်မှုများကိုလည်း တားဆီးနှိမ်နင်းသွားကြရန်လိုကြောင်း။

မိမိတို့အားလုံးသည် နိုင်ငံတော်ကိုကောင်းမွန်တိုးတက်အောင် ရည်ရွယ်ဆောင်ရွက်နေကြသူများဖြစ်သဖြင့် ရည်မှန်းချက်များအောင်မြင်စေရေးအားလုံးကဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **နိုင်ငံသူနိုင်ငံသားများအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျော့ချပေးနိုင်ရေး အာရုံစိုက်၍ အလေးထားဆောင်ရွက်ပေးကြရန်** ပြောကြားလိုကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံ၏စီးပွားရေး တိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၆ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဒေါ်လှမြင့်အား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ဦးစောမျိုးမျိုးအား မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ဒေါက်တာအေးမောင် ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းအား ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၀၂ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
( ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် )

**ဒေါက်တာအေးမောင် ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ အရေးယူထားခြင်းအား ပယ်ဖျက်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈ - ၅ - ၂၀၂၀ ရက်စွဲပါ ကြေညာချက် အမှတ် ( ၉၆/၂၀၂၀ ) ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင် အား စစ်တွေ ခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ) နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရခြင်းကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသဖြင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (က) အရ ကြေညာသည့်နေ့မှစ၍ နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ၁၁-၉-၂၀၂၅ ရက်စွဲပါအမိန့်အမှတ်၊ (၇/၂၀၂၅) ဖြင့် ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) တွင်ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကိုကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ ပုဒ်မခွဲ(ခ) နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက် မဖိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ်ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၅-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၆/၂၀၂၀)ဖြင့် ဒေါက်တာအေးမောင် [ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃ / နခန (နိုင်) ၀၀၉၉၉၉ ] ကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(က)အရ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း ကြေညာထားခြင်းအား ပယ်ဖျက်လိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တပ်မတော် အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။

ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ထို့နောက် တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသမီး(မီတာ ၁၀၀)တန်းကျော် အပြေးပြိုင်ပွဲ (ဗိုလ်လုပွဲ)၊ အမျိုးသား/ အမျိုးသမီး(မီတာ ၁၀၀) အပြေးပြိုင်ပွဲ(လူရွေးပွဲ)နှင့် အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြိုင်ပွဲ လူရွေးပွဲများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ် ပြိုင်ပွဲများကို စက်တင်ဘာ ၁၆ ရက်အထိ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ပထမဆုရ တာချီလိတ်ခရိုင်အသင်းအား ကြိုဆိုဂုဏ်ပြု

တာချီလိတ် စက်တင်ဘာ ၁၂

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်(ဖလား) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသများနှင့် ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမဆုရ တာချီလိတ်ခရိုင် အသင်း ကစားသမားများအား စက်တင်ဘာ ၁၁ ရက် ညနေပိုင်းက ဌာနဆိုင်ရာများနှင့် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။




အဆိုပါအောင်ပွဲရကစားသမားများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေပန်းများဖြင့် တာချီလိတ်မြို့အဝင် မယ်ယန်းတိုးဂိတ်သို့ သွားရောက်ကြိုဆိုကြသည်။

ထို့နောက် တာချီလိတ်မြို့မ အားကစားကွင်း၌ ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောင်ပွဲရ ကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် စက်တင်ဘာ ၁၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းလွန် - ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း ဩရိဿပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ပြင်ဦးလွင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အကြို ပြိုင်ပွဲများ ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အကြို စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးက ဦးဆောင်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရှေ့ဝတီခန်းမဆောင်၌ ယမန်နေ့က ကျင်းပသည်။



အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၃၀ နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၅၃ ဦး စုစုပေါင်း ၈၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့သို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ထံမှ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၈ ၌ "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည်"ဟု အတိအလင်း ပြဋ္ဌာန်းထားရှိပါသည်။ မြန်မာနိုင်ငံသည် ၂၀၀၄ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ယင်း၏နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဥပဒေအမှတ် ၅/၂၀၀၅ ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေကို ၂၁-၁၂-၂၀၁၆ မှစတင်ပြီး ပြောင်းလဲလာသောလူကုန်ကူးမှုပုံစံများ၊ နိုင်ငံတကာစံနှုန်းများနှင့်ချိန်ညှိ၍ ပြင်ဆင်ရေးဆွဲခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စတင်ပြဋ္ဌာန်းခဲ့သည့် စက်တင်ဘာလ ၁၃ ရက်နေ့ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၃)ကြိမ်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

အဆိုပါ ဥပဒေအသစ်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ၅ နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့နှင့် အခြားလိုအပ်သည့် လုပ်ငန်းကော်မတီများကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ပထမ ၅ နှစ်စီမံကိန်း (၂၀၀၇-၂၀၁၁)၊ ဒုတိယ ၅ နှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)၊ တတိယ ၅ နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)များနှင့် နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့ပြီး လက်ရှိတွင် စတုတ္ထ ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံသည် အိမ်နီးချင်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများရေးထိုး၍ လည်းကောင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များကို အထူးပြုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာအာဆီယံကွန်ဗင်းရှင်း (ASEAN Convention Against Trafficking in Persons Especially Women and Children-ACTIP)၊ မဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း (Coordinated Mekong Ministerial Initiative against Trafficking - COMMIT)၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation-BIMSTEC)၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘာလီလုပ်ငန်းစဉ်(Bali Process on People Smuggling, Trafficking in Persons and Related Transnational Crime-Bali Process) နှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (Lancang-Mekong Integrated Law Enforcement and Security Cooperation Center-LMLECC) တို့တွင် ပူးပေါင်းပါဝင်၍ လည်းကောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကိစ္စရပ်များတွင် တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးခံရခြင်းသည် ဆင်းရဲနွမ်းပါးခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ ဗဟုသုတနည်းပါးခြင်း စသည့် အခြေခံအချက်အလက်အချို့မျှသာမကဘဲ အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် ပညာရေးစရိတ်လိုအပ်ခြင်း၊ မိသားစုအတွက် များပြားသည့်ဝင်ငွေရရှိလိုခြင်း၊ ပိုမိုမြင့်မားသော လူနေမှုဘဝကို မျှော်မှန်းခြင်း၊ လက်ရှိအခြေအနေအပေါ်တွင် စိတ်ကျေနပ်မှုမရှိခြင်း၊ အောင်မြင်မှုရသည့်ဘဝများကို အားကျခြင်း စသည့် အရင်းခံအကြောင်းအရာများစွာ ရှိနေပါသည်။

လက်ရှိမြန်မာအမျိုးသမီးများကို မိမိနိုင်ငံအတွင်းသို့ လာရောက်စည်းရုံးကာ အယောင်ပြလက်ထပ်ပြီး ပြည်ပနိုင်ငံများသို့ ခေါ်ထုတ်သည်အထိ အတင့်ရဲလာသော လူကုန်ကူးမှုများကို ဖော်ထုတ်ရရှိနေပြီး မြန်မာအမျိုးသမီးများနှင့် ပြည်ပနိုင်ငံခြားသားများ ထိမ်းမြားလက်ထပ်ရန် ဆောင်ရွက်ပေးကြသူများနှင့် ဥပဒေကို လက်တစ်လုံးခြားလုပ်နေသူများကိုလည်း ဖော်ထုတ်အရေးယူလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်းအထိ လက်ထပ်ရန် လာရောက်စည်းရုံးခဲ့သည့် ဖြစ်စဉ်များနှင့်အတူ Online မှတစ်ဆင့် လိင်ပိုင်းဆိုင်ရာထုတ်လွှင့်ပြသရန် စည်းရုံးသိမ်းသွင်းခဲ့သည့် ဖြစ်စဉ်များကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထို့ကြောင့် နိုင်ငံခြားသားများနှင့်လက်ထပ်သည့် မြန်မာအမျိုးသမီးများ လူကုန်ကူးခံရမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လုပ်ငန်းစဉ်အဆိုပြုချက်များချမှတ်ပြီး ၂၀၂၅ ခုနှစ်၊ မတ်လမှစ၍ ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်တွင် အဓိကအားဖြင့် သတင်းလက်ဦးမှုရယူခြင်း၊ တားဆီးကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း စသည့် အချက် ၃ ချက်ပါဝင်ပြီး မြန်မာအမျိုးသမီးများအား အတုအယောင် ထိမ်းမြားလက်ထပ်သော လူကုန်ကူးမှုများကို တိုက်ဖျက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လူကုန်ကူးမှုများသည် ခေတ်စနစ်အလိုက်အခြေအနေများနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုတို့အပေါ်လိုက်ပါပြီး ပုံစံပြောင်းလဲလာသည်ကို ဂရုပြုကြရမည်ဖြစ်ပြီး လက်ရှိအွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတို့ပြုလုပ်ကြသော Online Scam လုပ်ငန်းများသည် လူသစ်စုဆောင်းရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအဖြစ် အွန်လိုင်းမှတစ်ဆင့် လစာအမြောက်အမြားရရှိမည့် အသွင်ဖြင့် မက်လုံးပေးစည်းရုံး ခေါ်ဆောင်လာခဲ့ကြပါသည်။ နိုင်ငံအများအပြားမှ အိုင်တီနည်းပညာကျွမ်းကျင်သူများ အပါအဝင် ပညာတတ်အများအပြားတို့ စုဆောင်းခံခဲ့ကြရပြီး အွန်လိုင်းမှတစ်ဆင့် မက်လုံးပေးလိမ်လည်မှုများအပေါ် ယုံကြည်မှုလွန်ကဲခြင်းကြောင့် လူကုန်ကူးမှုကျူးလွန်ခြင်းခံနေကြရပါသည်။ လူကုန်ကူးသူများသည် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြသော လူမှုကွန်ရက်မီဒီယာများကို အသုံးပြုကာ လိမ်လည်မှုအမျိုးမျိုးပြုလုပ်နေကြရာတွင် အသက်အရွယ်မရွေး၊ လူတန်းစားမရွေး၊ အချိန်မရွေး သားကောင်ဘဝ ကျရောက်သွားနိုင်သဖြင့် "No one is immune to trafficking" ဟူ၍ ပြောကြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျူးလွန်လေ့ရှိသည့် အွန်လိုင်းလိမ်လည်မှုပုံစံ ၉ မျိုးတွေ့ရှိရပြီး အဓိကအားဖြင့် ငွေကြေးဆိုင်ရာနှင့် တိုက်ရိုက်ပတ်သက်နေပြီး ပစ်မှတ်များမှာ ငွေကြေးချမ်းသာကြွယ်ဝသော နိုင်ငံများအား အဓိကဦးတည်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ မိမိနိုင်ငံတွင်းက ပြည်သူများသည်လည်း လိမ်လည်မှု၏သားကောင်ဖြစ်နေကြပြီး အဆိုပါ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အတင်းအကျပ်ဖိအားပေးစေခိုင်းခံနေရသည့် Victim များတွင် နိုင်ငံအသီးသီးမှ ပညာတတ်လူငယ်များပါရှိနေသည်ကိုတွေ့ရသည့်အပြင် မြန်မာနိုင်ငံမှ လူငယ်အချို့သည်လည်း အာဆီယံဒေသတွင်းနိုင်ငံအချို့တွင် Victim အဖြစ် ရောက်ရှိနေကြပါသည်။

ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုပြဿနာများနှင့် စပ်လျဉ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံများတွင် လူကုန်ကူးမှု ပိုမိုဖြစ်ပွားသည်ဟူ၍လည်းကောင်း၊ ဆင်းရဲနွမ်းပါး၍ ပညာရည်နိမ့်ပါးသူများသာ လူကုန်ကူးမှုကို ခံကြရသည်ဟူ၍ လည်းကောင်း ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။ သို့ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာသည့် နိုင်ငံများသည်လည်း လူကုန်ကူးမှုပြဿနာနှင့် မကင်းသည့်အပြင် လူကုန်ကူးခံရသူများတွင် ပညာတတ်များလည်း ပါဝင်လျက်ရှိရာ လူကုန်ကူးမှုသည် အခြားမမျှော်မှန်းနိုင်သောအကြောင်းများအပေါ် အခြေခံလျက်ရှိပါသည်။

အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွှယ်သော လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံချက်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရေးဆွဲခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ Pilot Project အနေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ပြစ်မှုကျူးလွန်သူများသည် တိုးတက်လာသောနည်းပညာများကို အခြေခံကာ စနစ်တကျဂိုဏ်းဖွဲ့ပြီး လမ်းကြောင်းပုံစံသစ်များဖြင့် ပြောင်းလဲကျူးလွန်လာသည့်အတွက် ထိရောက်စွာ တားဆီးထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်းနှင့် ကျူးလွန်သူများကို ပြင်းထန်ထိရောက်သည့် အပြစ်ပေးအရေးယူမှုများပြုခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် ၅ နှစ်စီမံကိန်းများ၏ အားနည်းချက်/ အားသာချက်များ၊ နည်းပညာတိုးတက်မှု၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံသစ်များ၊ လမ်းကြောင်းများ၊ နိုင်ငံတကာတွင်ကျင့်သုံးနေသော အလေ့အထများအပေါ်အခြေခံ၍ ပြည်တွင်းရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အထူးသဖြင့် လူကုန်ကူးခံရသူအမျိုးသမီးနှင့် ကလေးသူငယ်များအား အလေးဂရုပြု၍ အကာအကွယ်နှင့် အကူအညီပေးခြင်း၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သောပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေခြင်း၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အား လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရေးလုပ်ငန်းများကို ဗဟိုအဖွဲ့၏ဦးဆောင်မှု၊ ဆက်စပ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ဆောင်ပုဒ်ဖြစ်သည့် **"လူကုန်ကူးမှု တိုက်ဖျက်ဖို့ ခေါင်းပုံဖြတ်မှု အဆုံးသတ်စို့"** ဆိုသည့်အတိုင်း မြန်မာနိုင်ငံတွင် လူကုန်ကူးခြင်းနှင့်ပတ်သက်သော ခေါင်းပုံဖြတ်မှုများအား အဆုံးသတ်နိုင်ရေးအတွက် ပြည်သူလူထု၏ သတင်းပေးကူညီမှုများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူကုန်ကူးမှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ကာ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ခြင်းအားဖြင့် လူကုန်ကူးမှုများကို အောင်မြင်စွာတားဆီးကာကွယ်တိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်မိပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# နှစ်နိုင်ငံဆက်ဆံရေးပြန်လည်တိုးမြှင့်ရန် ဘယ်လာရုစ်သမ္မတနှင့် အမေရိကန်ကိုယ်စားလှယ် တွေ့ဆုံဆွေးနွေး

မင့်စ် စက်တင်ဘာ ၁၂

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန္ဒား လူကာရှန်ကိုနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကိုယ်စားလှယ် ဂျွန်ကိုးလ်တို့ စက်တင်ဘာ ၁၁ ရက်က တွေ့ဆုံကာ ဒဏ်ခတ်ပိတ်ဆို့မှုများ၊ အကျဉ်းသားများ လွှတ်ပေးရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန်ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း ဘယ်လာရုစ်သမ္မတရုံးက ထုတ်ပြန်ကြေညာသည်။**



တွေ့ဆုံဆွေးနွေးပွဲတွင် သမ္မတ လူကာရှန်ကိုက ဘယ်လာရုစ်သမ္မတနိုင်ငံတွင် အကျဉ်းကျခံနေရသူများ၏ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးနှင့်ပတ်သက်ပြီး အမေရိကန်၏ စိုးရိမ်ပူပန်မှုများကို ဖြေလျှော့ရန် အသင့်ရှိကြောင်း၊ ထို့ပြင် စစ်နှင့်ငြိမ်းချမ်းရေး အပါအဝင် နှစ်နိုင်ငံအကျိုးစီးပွားကို ထိခိုက်စေသည့် ကမ္ဘာ့အရေးကိစ္စများနှင့်ပတ်သက်၍ ပွင့်လင်းစွာ ဆွေးနွေးမှုများပြုလုပ်လိုကြောင်း၊ စီးပွားရေးကဏ္ဍသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါဆုံး နယ်ပယ်ဖြစ်ကြောင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် အမေရိကန်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ရန် စိတ်ဝင်စားကြောင်း ပြောကြားသည်။

အမေရိကန်ကိုယ်စားလှယ် ကိုးလ်ကလည်း အမေရိကန်အနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ လတ်တလောတွင် ဘယ်လာရုစ်လေကြောင်းလိုင်း ဘယ်လာဗီးယားအပေါ် ဒဏ်ခတ်မှုများ ရုပ်သိမ်းခြင်းနှင့်အတူ အကျဉ်းသားများ လွှတ်မြောက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တိုးတက်မှုရရှိပါက ပုံမှန်ဆက်ဆံရေး လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကိုးလ်က အမေရိကန်အစိုးရအနေဖြင့် မင့်စ်မြို့ရှိသံရုံးကို ပြန်လည်ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်အတိုင်းပြန်လည်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ **ဆင်ဟွာ**




## စင်ကာပူနိုင်ငံတွင် တရုတ်လျှပ်စစ်ကားရောင်းအား စံချိန်တင် ယမန်နှစ်တစ်နှစ်လုံး၏ စုစုပေါင်းပမာဏထက် ကျော်လွန်သွား

**စင်ကာပူ စက်တင်ဘာ ၁၂**



စင်ကာပူနိုင်ငံတွင် တရုတ်လျှပ်စစ်ကားရောင်းအားသည် ခုနစ်လအတွင်း ယမန်နှစ်တစ်နှစ်လုံး၏ စုစုပေါင်းပမာဏထက် ကျော်လွန်သွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကုန်းလမ်းပို့ဆောင်ရေးဌာနမှ ရရှိသောအချက်အလက်များအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ စင်ကာပူ၌ တရုတ်လျှပ်စစ်ကား ၇၇၉၆ စီး မှတ်ပုံတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် တစ်နှစ်လုံးတွင် မှတ်တမ်းတင်ထားသော ၇၇၇၂ စီးကို ကျော်လွန်ခဲ့သည်။

ယင်းတိုးတက်မှုသည် စင်ကာပူ၏ လျှပ်စစ်ကားဈေးကွက်တွင် တရုတ်ထုတ်လုပ်သူများကို ဦးဆောင်သူအဖြစ် ပိုမိုခိုင်မာစေခဲ့ပြီး ၎င်းတို့၏ စုပေါင်းရှယ်ယာသည် ၂၀၂၄ ခုနှစ်တွင် ၅၃ ဒသမ ၈ ရာခိုင်နှုန်းမှ ယခုနှစ်တွင် ၆၅ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

အထူးသဖြင့်ဘီဝိုင်ဒီသည် ဦးဆောင်နေဆဲဖြစ်သော်လည်း ၎င်း၏ ထိန်းချုပ်မှုမှာ ယခုနောက်ပိုင်းတွင် အားနည်းလာသည်။

ယမန်နှစ်က တရုတ်လျှပ်စစ်ကား မှတ်ပုံတင်အားလုံး၏ ၇၉ ဒသမ ၇ ရာခိုင်နှုန်းကို ၎င်းက ကိုယ်စားပြုခဲ့သော်လည်း ယခုအခါ ပြိုင်ဘက်အမှတ်တံဆိပ်များ ဝင်ရောက်လာသည့်အတွက် ၂၀၂၅ ခုနှစ်တွင် ၇၀ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရသည်။ **Mon**



## အဝါရောင် အဒေးအဘားဘား ပန်းများပွင့်ချိန် အီသီယိုးပီးယားနိုင်ငံ၏ နှစ်သစ်ကူးပွဲတော် ကျင်းပ

**အဒစ္စအဘာဘာ**
**စက်တင်ဘာ ၁၂**

အီသီယိုးပီးယားနိုင်ငံသည် စက်တင်ဘာ ၁၁ ရက်က နှစ်သစ်ကူးပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံတွင် ၎င်းတို့၏ ကိုယ်ပိုင်ပြက္ခဒိန်ကို အသုံးပြုသောကြောင့် အနောက်တိုင်းပြက္ခဒိန်ထက် ခုနစ်နှစ်နောက်ကျနေသည်ကို တွေ့ရသည်။

ယခုနှစ်သစ်ကူးပွဲတော်သည် အီသီယိုးပီးယား ပြက္ခဒိန်အရ ၂၀၁၈ ခုနှစ်ဖြစ်သည်။ အဝါရောင်ရှိသော အဒေးအဘားဘားဟုခေါ်သည့် ပန်းများသည် နှစ်သစ်ကူးပွဲတော်ကာလတွင် ပွင့်လေ့ရှိသည်။ ထိုပန်းများသည် မြို့တော် အဒစ်စ်အဘာဘာ တစ်ဝန်းတွင် ရာသီအလိုက် ပွင့်လျက်ရှိသည်။

ခုနစ်နှစ်နောက်ကျရခြင်းမှာ ယေရှုခရစ်တော်၏ မွေးဖွားရာခုနှစ်ကို အီသီယိုးပီးယားနိုင်ငံတွင် မတူညီစွာ တွက်ချက်ထားခြင်းကြောင့် ဖြစ်သည်။ အေဒီ ၅၀၀ ပြည့်နှစ်တွင် ကက်သလစ်ချာ့ချ်က ၎င်းတို့၏ တွက်ချက်မှုကို ပြင်ဆင်ခဲ့သော်လည်း အီသီယိုးပီးယား အော်သိုဒေါက်စ်သာသနာက ပြင်ဆင်ခြင်း မပြုခဲ့ပေ။

အဒစ္စအဘာဘာမြို့ရှိ ပွဲတော်ဈေးရောင်းချသူများသည် ကျေးလက်ဒေသမှ ထိုပန်းများနှင့် လတ်လတ်ဆတ်ဆတ် ရိတ်ထားသည့် မြက်များကို ရိုးရာကော်ဖီအခမ်းအနားများတွင် အသုံးပြုရန်နှင့် ရောင်းချရန် ရောက်ရှိလာကြသည်။

ကမ္ဘာပေါ်တွင် ကော်ဖီကို စတင်တွေ့ရှိခဲ့သောနေရာမှာ အီသီယိုးပီးယားနိုင်ငံ၏ ကုန်းမြင့်ဒေသများဖြစ်သည်ဟု ယုံကြည်ကြသည်။ အဆိုပါအခမ်းအနားများတွင် ကော်ဖီစေ့များကို မီးဖိုပေါ်တွင် လှော်ပြီး ကြိတ်ကာ ရွှံ့အိုးထဲတွင် ပြင်ဆင်သည့်အခါ အလှဆင်ရန်အတွက် မြက်နှင့်ပန်းများကို အသုံးပြုကြသည်။

နှစ်သစ်ကူးညတွင် မိုးရွာနေသော်လည်း အဒစ္စအဘာဘာမြို့ရှိ အဒစ်ဆူဂေဗေယာဈေး အပါအဝင် ဈေးဝယ်နေရာများတွင် လူများသည် ပွဲတော်အတွက် ပြင်ဆင်ရန် အလျင်အမြန် ဈေးဝယ်နေကြကြောင်း သိရသည်။ **Mon**



## ပါကစ္စတန်နိုင်ငံ၊ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးမှုများကြောင့် ဒေသခံပေါင်း နှစ်သန်းကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**အစ္စလာမ္မာဘတ်**
**စက်တင်ဘာ ၁၂**

ပါကစ္စတန်နိုင်ငံ၊ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးမှုများကြောင့် ဒေသခံပေါင်း နှစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆင်း(ဒ်)ပြည်နယ်တွင် နောက်ထပ် လူပေါင်း ၁၅၀၀၀၀ ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်းနှင့် လာမည့်ရက်များတွင် ထိုအရေအတွက် မြင့်တက်လာနိုင်ကြောင်း သတင်းထောက်များကို ပြောကြားရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနအကြီးအကဲ အီနမ်ဟိုင်ဒါမလစ်က ထည့်သွင်း သတိပေးခဲ့သည်။

ဇွန်လနှောင်းပိုင်းမှစ၍ တစ်နိုင်ငံလုံးတွင် မိုးသည်းထန်မှုများကြောင့် လူပေါင်း ၉၀၀ ကျော် သေဆုံးခဲ့ကြောင်း ၎င်းက အတည်ပြုသည်။

ပါကစ္စတန်နိုင်ငံတွင် မိုးခေါင်ရေရှားမှုကြောင့် ရေကြီးမှုများ ပိုမိုဆိုးရွားလာခဲ့ရပြီး မြစ်များ၌ စိုးရိမ်ရေမှတ်အသီးသီးကို ကျော်လွန်ခဲ့သည်။

အစိုးရ၏ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးအတွက် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်း၊ သာ၍ကောင်းမွန်သော သတိပေးစနစ်များနှင့် အဆောက်အအုံများ စသည့်အချက်များအပေါ် ဝေဖန်သူများက အပြစ်တင်နေကြောင်း သိရသည်။ **Mon**

## အမေရိကန်၌ ဖမ်းဆီးခံခဲ့ရသော တောင်ကိုရီးယားအလုပ်သမားများ ဆိုးလ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ပြန်ရောက်လာ

**ဆိုးလ် စက်တင်ဘာ ၁၂**

ယခင်အပတ်က အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်ရှိ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသော တောင်ကိုရီးယားအလုပ်သမား ၃၀၀ ကျော်သည် အမေရိကန်အစိုးရ၏လွတ်ငြိမ်းခွင့်အရ လွတ်မြောက်ခဲ့ပြီးနောက် စက်တင်ဘာ ၁၂ ရက်က ဌာနေတောင်ကိုရီးယားနိုင်ငံသို့ ပြန်ရောက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အလုပ်သမားများသည် တောင်ကိုရီးယားအစိုးရက စီစဉ်ပေးသော အထူးလေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စု အတ္တလန်တာလေဆိပ်မှ ထွက်ခွာလာပြီးနောက် ဆိုးလ်မြို့တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲပိုင်းတွင် ပြန်ရောက်လာကြသည်။

လက်နက်ကိုင်ထားသော ရဲအရာရှိတစ်ဦးနှင့် ကြိုးကွင်းကိုင်ထားသည့် လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦး၏ပုံကို ကိုင်ဆောင်ထားသော လူအနည်းငယ်တို့ကလည်းကောင်း လေဆိပ်တွင် ၎င်းတို့ကို စောင့်ကြိုခဲ့ကြသည်။

ထိုအလုပ်သမားများသည် ရဲအင်အားသုံး ဖမ်းဆီးစဉ်အတွင်း လက်ထိပ်ခတ်ခံခဲ့ရပြီး ရက်ပေါင်းများစွာ ထိန်းသိမ်းခံခဲ့ရသောကြောင့် စိတ်ရှုပ်ထွေးမှုနှင့် ကြောက်ရွံ့မှုများ ကြုံတွေ့ခဲ့ကြောင်း သိရသည်။ **Mon**

# နိုင်ငံတကာ အားကစား သတင်းများ

## အန်တိုနီမာရှယ်အား ခေါ်ယူရန် မွန်တာရေးအသင်း သဘောတူညီမှုရရှိ

**လန်ဒန် စက်တင်ဘာ ၁၂**

မက္ကဆီကိုကလပ် မွန်တာရေးအသင်းသည် မန်ယူအသင်း တိုက်စစ်မှူးဟောင်း အန်တိုနီမာရှယ်အား ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။



အသက် ၂၉ နှစ် အရွယ်ရှိ တိုက်စစ်မှူးသည် ယခုရက်ပိုင်းအတွင်း မွန်တာရေးအသင်းသို့ လာရောက်ပူးပေါင်းကာ စာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အန်တိုနီမာရှယ်သည် ကစားသမားဘဝတစ်လျှောက်တွင် မန်ယူ၊ မိုနာကို၊ လိုင်ယွန်၊ ဆီဗီလာ၊ AEK အေသင်စသည့်ကလပ်အသင်းများတွင်ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မွန်တာရေးအသင်းက ခေါ်ယူလာခြင်းဖြစ်သည်။

မွန်တာရေးအသင်းအနေဖြင့် အသင်းအင်အားဖြည့်တင်းရန်အတွက် နောက်ထပ်ကစားသမားသစ်များ ခေါ်ယူသွားဦးမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ဂျို့စ်ဘရောင်းဟေးလ်အား Al Shabab အသင်း ခေါ်ယူ

**လန်ဒန် စက်တင်ဘာ ၁၂**

ဆော်ဒီပရိုလိဂ်ကလပ် Al Shabab အသင်းသည် ဘန်လေအသင်းနှင့် လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား ဂျို့စ်ဘရောင်းဟေးလ်အား ခေါ်ယူခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဘန်လေအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၁ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် Al Shabab အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက် ၂၉ နှစ် အရွယ်ရှိ ဂျို့စ်ဘရောင်းဟေးလ်က "ကျွန်တော် Al Shabab အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## 2025 SP Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Solana Sierra တက်ရောက်

**လန်ဒန် စက်တင်ဘာ ၁၂**



ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 SP Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အာဂျင်တီးနားတင်းနစ်မယ် Solana Sierra တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်မယ် Solana Sierra သည် 2025 SP Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အိမ်ရှင်ဘရာဇီးတင်းနစ်မယ် Nauhany Vitoria Leme Da Silva အား ၆-၀၊ ၆-၄ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 SP Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Solana Sierra နှင့် ဂရိတ်ဗြိတိန်တင်းနစ်မယ် Francesca Jones တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## ဗန်ဒီဗန်အား ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၂**

ရီးရဲလ်မက်ဒရစ်အသင်းသည် စပါးအသင်း နောက်ခံကစားသမား ဗန်ဒီဗန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၄ နှစ် အရွယ်ရှိ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲကစားပြီး ၄ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



စပါးအသင်းကလည်း ဗန်ဒီဗန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ဗန်ဒီဗန်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ည ၉:၃၀ နာရီ | (၁၂)နိစ် - နန့်တက်စ်(၁၃)<br>(L,W,L) (L,L,W) | နိစ် ၁-၂ နန့်တက်စ်<br>နန့်တက်စ် ၁-၁ နိစ် |
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | နံနက် ၀၁:၃၅ နာရီ | (၁၄)အော်ဆေး - မိုနာကို(၄)<br>(W,L,L) (W,L,W) | အော်ဆေး ၀-၃ မိုနာကို<br>မိုနာကို ၄-၂ အော်ဆေး |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ညနေ ၈:၀၀ နာရီ | (၁၈)ဖရိုင်းဘတ် - စတုဂတ်(၈)<br>(L,L) (L,W) | ဖရိုင်းဘတ် ၃-၁ စတုဂတ်<br>စတုဂတ် ၄-၀ ဖရိုင်းဘတ် |
| ။ | ။ | (၁၇)ဟိုင်ဒင်ဟိမ်း - ဒေါ့မွန်(၄)<br>(L,L) (D,W) | ဟိုင်ဒင်ဟိမ်း ၁-၂ ဒေါ့မွန်<br>ဒေါ့မွန် ၄-၂ ဟိုင်ဒင်ဟိမ်း |
| ။ | ။ | (၁၃)မိန့်ဇ် - လိုက်ပဇစ်(၁၁)<br>(L,D) (L,W) | မိန့်ဇ် ၀-၂ လိုက်ပဇစ်<br>လိုက်ပဇစ် ၁-၂ မိန့်ဇ် |
| ။ | ။ | (၁၀)ယူနီယံဘာလင် - ဟော်ဖန်ဟိမ်း(၉)<br>(W,L) (W,L) | ယူနီယံဘာလင် ၂-၁ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၀-၄ ယူနီယံဘာလင် |
| ။ | ။ | (၆)ဝုဖ်ဘတ် - ကိုလုံး(၃)<br>(W,D) (W,W) | ဝုဖ်ဘတ် ၁-၁ ကိုလုံး<br>ကိုလုံး ၁-၂ ဝုဖ်ဘတ် (၂၀၂၂-၂၃) |
| ။ | ည ၁၁:၀၀ နာရီ | (၁)ဘိုင်ယန်မြူးနစ် - ဟမ်းဘတ်(၁၅)<br>(W,W) (D,L) | ဘိုင်ယန်မြူးနစ် ၆-၀ ဟမ်းဘတ်<br>ဟမ်းဘတ် ၀-၁ ဘိုင်ယန်မြူးနစ် (၂၀၁၇-၁၈) |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ည ၇:၃၀ နာရီ | (၁၄)ကယ်ဂလီယာရီ - ပါးမား(၁၆)<br>(D,L) (L,D) | ကယ်ဂလီယာရီ ၂-၁ ပါးမား<br>ပါးမား ၂-၃ ကယ်ဂလီယာရီ |
| ။ | ည ၁၀:၃၀ နာရီ | (၂)ဂျူဗင်တပ် - အင်တာမီလန်(၆)<br>(W,W) (W,L) | ဂျူဗင်တပ် ၁-၀ အင်တာမီလန်<br>အင်တာမီလန် ၄-၄ ဂျူဗင်တပ် |
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | နံနက်၀၁:၁၅နာရီ | (၁၂)ဖီအိုရင်တီးနား - နာပိုလီ(၁)<br>(D,D) (W,W) | ဖီအိုရင်တီးနား ၀-၃ နာပိုလီ<br>နာပိုလီ ၂-၁ ဖီအိုရင်တီးနား |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ညနေ ၃:၃၀နာရီ | (၂) ရန်ကုန် - အားကာ/သိပ္ပံ(၅)<br>(W,W) (L,W) | ရန်ကုန် ၂-၁ အားကာ/သိပ္ပံ<br>အားကာ/သိပ္ပံ ၁-၃ ရန်ကုန် |
| ။ | ညနေ ၄:၀၀ နာရီ | (၉) သစ္စာအားမာန် - ရတနာပုံ(၆)<br>(L,D) (L,W) | သစ္စာအားမာန် ၁-၂ ရတနာပုံ<br>ရတနာပုံ ၀-၀ သစ္စာအားမာန် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ညနေ ၆:၀၀ နာရီ | (၃)အာဆင်နယ် - နော်တင်ဟမ်(၁၀)<br>(W,W,L) (W,D,L) | အာဆင်နယ် ၃-၀ နော်တင်ဟမ်<br>နော်တင်ဟမ် ၀-၀ အာဆင်နယ် |
| ။ | ည ၈:၃၀ နာရီ | (၇)ဘုန်းမောက် - ဘရိုက်တန်(၁၁)<br>(L,W,W) (D,L,W) | ဘုန်းမောက် ၁-၂ ဘရိုက်တန်<br>ဘရိုက်တန် ၂-၁ ဘုန်းမောက် |
| ။ | ။ | (၈)ပဲလေ့စ် - ဆန်းဒါးလန်း(၆)<br>(D,D,W) (W,L,W) | ပဲလေ့စ် ၀-၄ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၂-၃ ပဲလေ့စ် (၂၀၁၆-၁၇) |
| ။ | ။ | (၅)အဲဗာတန် - ဗီလာ(၁၉)<br>(L,W,W) (D,L,L) | အဲဗာတန် ၀-၁ ဗီလာ<br>ဗီလာ ၃-၂ အဲဗာတန် |
| ။ | ။ | (၁၈)ဖူလ်ဟမ် - လိဒ်စ်(၁၂)<br>(D,D,L) (W,L,D) | ဖူလ်ဟမ် ၂-၁ လိဒ်စ်<br>လိဒ်စ် ၂-၃ ဖူလ်ဟမ် (၂၀၂၂-၂၃) |
| ။ | ။ | (၁၇)နယူးကာဆယ် - ဝုဖ်(၂၀)<br>(D,L,D) (L,L,L) | နယူးကာဆယ် ၃-၀ ဝုဖ်<br>ဝုဖ် ၁-၂ နယူးကာဆယ် |
| ။ | ည ၁၁:၀၀ နာရီ | (၁၆)ဝက်စ်ဟမ်း - စပါး(၄)<br>(L,L,W) (W,W,L) | ဝက်စ်ဟမ်း ၁-၁ စပါး<br>စပါး ၄-၁ ဝက်စ်ဟမ်း |
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | နံနက်၀၁:၃၀နာရီ | (၁၅)ဘရန့်ဖို့ဒ် - ချဲလ်ဆီး(၂)<br>(L,W,L) (D,W,W) | ဘရန့်ဖို့ဒ် ၀-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၂-၁ ဘရန့်ဖို့ဒ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၃-၉-၂၀၂၅<br>စနေနေ့ | ညနေ ၀၆:၃၀နာရီ | (၆) ဂီတာဖေး - အိုဗီအေဒို(၁၅)<br>(W,W,L) (L,L,W) | ဂီတာဖေး ၂-၁ အိုဗီအေဒို<br>အိုဗီအေဒို ၂-၁ ဂီတာဖေး (၂၀၀၀-၀၁) |
| ။ | ည ၈:၄၅ နာရီ | (၁၆) ဆိုစီဒက် - ရီးရဲလ်မက်ဒရစ်(၁)<br>(D,D,L) (W,W,W) | ဆိုစီဒက် ၀-၂ ရီးရဲလ်မက်ဒရစ်<br>ရီးရဲလ်မက်ဒရစ် ၂-၀ ဆိုစီဒက် |
| ။ | ည ၁၁:၀၀ နာရီ | (၂)ဘီလ်ဘာအို - အလာဗက်စ်(၁၁)<br>(W,W,W) (W,L,D) | ဘီလ်ဘာအို ၁-၀ အလာဗက်စ်<br>အလာဗက်စ် ၁-၁ ဘီလ်ဘာအို |
| ၁၄-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | နံနက် ၀၁:၃၀ နာရီ | (၁၇)အက်သလက်တီကို - ဗီလာရီးရဲလ်(၃)<br>(L,D,D) (W,W,D) | အက်သလက်တီကို ၁-၁ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၂-၂ အက်သလက်တီကို |

# မန္တလေးနှင့် မီးနီမရပ်သောသူများ

မိုးဇော်ခင်

**စည်းကမ်းရှိမှ တိုးတက်မည်**ဟူသောစကားကို အဖွဲ့အစည်း၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များကြားတွင် ကျယ်ပြန့်စွာ သုံးစွဲကြသည်ကို တွေ့မြင်ကြားသိရသည်။ စာအုပ်တစ်အုပ်ဖတ်ဖူးရာ မြန်မာနိုင်ငံနှင့် မတိမ်းမယိမ်းတွင် လွတ်လပ်ရေးရခဲ့သော အရှေ့တောင်အာရှတစ်နိုင်ငံမှာ များစွာ တိုးတက်လျက်ရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသား အများအပြားပင် ထိုနိုင်ငံတွင် သွား ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသည်။ ထိုနိုင်ငံသည်လည်း လွတ်လပ်ရေးရပြီးစမှစ၍ အကြမ်းဖက်သောင်းကျန်းသူ၊ ဆူပူသူများနှင့် ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။နှစ်နိုင်ငံတွင် ထိုနိုင်ငံမှ တိုးတက်လာသည့်အကြောင်းအရင်းကို လေ့လာသည့်အခါ ထိုနိုင်ငံမှ ပြည်သူလူထုမှာ စည်းကမ်းလိုက်နာမှု ကောင်းမွန်သည်ကို တွေ့ရသည်။ နိုင်ငံတော်၏ ဥပဒေ၊ ရုံးဌာနဆိုင်ရာများ၊ ကုမ္ပဏီများမှ ချမှတ်ထားသော စည်းကမ်းများကို တိကျစွာလိုက်နာကြကြောင်း တွေ့ရသည်။ ရုံးချိန်တွင် သတ်မှတ်ချိန်အတိုင်း ဝန်ထမ်းများ ရောက်ရှိနေသည်။ ရုံးချိန်အတွင်း ရုံးလုပ်ငန်းမှအပ အခြားလုပ်ငန်းများ လုပ်ကိုင်ခွင့်မရှိသည်ကို လိုက်နာကြကြောင်းတွေ့ရသည်။ထိုဆရာ လိုက်လံလေ့လာသော ရုံးဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ ဝန်ထမ်းများသည်လည်း ရုံးစည်းကမ်း၊ ဌာနတွင်းစည်းကမ်းများကို တိကျစွာလိုက်နာကြသည်ကို တွေ့ရကြောင်းဖော်ပြသည်။ မြို့တော်နှင့် မြို့ကြီးများကို သွားရောက်ရာတွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိကျစွာလိုက်နာကြသည်ကို တွေ့ရပေသည်။ **စည်းကမ်းရှိမှ တိုးတက်မည်**ဆိုသောစကား မှန်ကန်ကြောင်း ရေးသားခဲ့သည်။

တရုတ်နိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန်သွားစဉ်က အတွေ့အကြုံ ဖြစ်သည်။ အစည်းအဝေး ပြီးနောက် ထိုမြို့မှ ရှန်ဟဲသို့သွားပြီး တစ်ညအိပ်ရသည်။ ရှန်ဟဲမှ ရန်ကုန်သို့ပြန်ရန် ဖြစ်သည်။ ထိုနေ့က အောက်တိုဘာ(၁)ရက်နေ့ဖြစ်သည်။ တရုတ်နိုင်ငံ၏ အထွတ်အမြတ်နေ့၊ နေ့ထူးနေ့မြတ် ရုံးပိတ်ရက်ဖြစ်သည်။ ရှန်ဟဲရောက်ခိုက် မြို့ထဲသို့ လည်ပတ်ရန်၊ ဈေးဝယ်ရန် ထွက်လာကြသည်။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးမြို့ထဲတွင်ပါသော ရှန်ဟဲမြို့မှာ လူစုလူဝေးနှင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ လူအုပ်စုအတွင်းမှ တရွေ့ရွေ့နှင့် လိုက်ပါသွားရသည်။ တစ်နေရာတွင် ကားလမ်းမကြီး ဖြတ်ကူးရန် နေရာလုပ်ထား သည်။ လူကူးနေရာကို ဖွင့်ပေးပြီး ကျန်နေရာများ လမ်းဘေး၌ ပလတ်စတစ်လမ်းကာတုံးများချပြီး ထိုတုံးများကို ပလတ်စတစ်ကြိုးများ သွယ်တန်းပြီး လမ်းပိတ်ထားသည်။ လမ်းကူးရန် တရွေ့ရွေ့ သွားနေရာ ဒူးနေရာလောက်အမြင့် ကြိုးတန်းဘလောက်ကို ကျော်ပြီးသွားလျှင် မြန်မြန်ရောက်နိုင်သည်ဟု တွေးမိသည်။ သို့သော် လူအုပ်ထဲမှ တစ်ဦးတစ်ယောက်မျှ ကြိုးတန်းကို ကျော်ပြီးမသွားကြ၊ လူအုပ်နှင့်သာ တရွေ့ရွေ့လိုက်ပါသွားကြသည်။ ငါတို့ဆီမှာဆိုရင်တော့ ဒီလောက်ကြိုးတန်းလေးကို ကျော်ပြီးသွားမှာ ပဲဟု တွေးမိသည်။ ထိုသိန်းချီသော လူများအနက်မှ တားမြစ် ထားသော အတားအဆီးကို ကျော်လွန်၍ တစ်ယောက်မှ ဖြတ်မသွားကြ၊ တရုတ်လူမျိုးများ စည်းကမ်းရှိကြပါလားဟု မှတ်ချက်ပြုမိသည်။

နောက်ဥပမာတစ်ခုမှာ အစ်မတစ်ယောက်၏ ပြောကြားချက်ဖြစ်သည်။ အစ်မမှာ မြန်မာနိုင်ငံမှ MRTV ဝန်ထမ်းအင်ဂျင်နီယာဖြစ်ပြီး ဂျပန်တွင် လေးလကြာ သင်တန်းသွားတက်ခဲ့သည်။ တစ်နေ့တွင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရာ ညဥ့်နက်မှ ပြီးစီးသည်။ ထို့ကြောင့် တာဝန်ခံမှ သင်တန်းသားများ ယနေ့ပင်ပန်းနေကြ၍ ညလယ်စာ လိုက်ကျွေးမည်၊ ပြီးမှ တည်းခိုသည့် ဟိုတယ်ကို လိုက်ပို့ပေးမည်ဟု ပြောပြီး စားသောက်ဆိုင်သို့ သွားကြသည်။ ရုံးနှင့် အနီးလေးတွင်ဖြစ်၍ လမ်းလျှောက်သွားကြသည်။ လူကူးမျဉ်းကျား ရောက်ရှိစဉ် မီးနီပြထားသဖြင့် ဂျပန်လူမျိုးက ရပ်လိုက်သည်။ ကားများဖြတ်ကူးရင်း မီးစိမ်းပြထားသော်လည်း ညဥ့်နက်သဖြင့် ကားတစ်စီးမှ သွားလာသည်ကို မတွေ့ရ၊ လမ်းဖြတ်ကူးမည်ဆိုလျှင်လည်း ကူးလို့ရသည့် အခြေအနေပင်ဖြစ်သည်။သို့သော် ဖြတ်မကူးဘဲ စကားတပြောပြောနှင့် ရပ်ပြီးစောင့်နေကြသည်။ လူဖြတ်ကူးရန် မီးစိမ်းပြမှ ဖြတ်ကူးကြသည်။ အစ်မက ရယ်ရင်း "တို့ဆီမှာဆိုရင်တော့ ဖြတ်ကူးပြီးနေပြီ၊ ဂျပန်တွေက ဘယ်သူမှမရှိလည်း လမ်းစည်းကမ်းလိုက်နာကြတယ်"ဟု ပြောပြသည်။ ထို့ကြောင့် ဂျပန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ဒဏ် ခံခဲ့ရသော်လည်း အမျိုးသားစိတ်ပြင်းပြသဖြင့်၊ စည်းကမ်းစိတ်ဓာတ် ကောင်းမွန်စွာ ကြိုးစားကြသဖြင့် တိုးတက်လာရခြင်းဖြစ်ပေသည်။

ရန်ကုန်သို့ ရောက်ရှိစဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုများကို လေ့လာကြည့်မိသည်။ ရန်ကုန်မှာ လူဦးရေ များပြားပြီး ယာဉ်အစီးရေများပြားခြင်း၊ အများသုံးဘတ်(စ်)ကားများ လူဦးရေနှင့် လုံလောက်မှုမရှိခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။ သို့ရာတွင် ကွေ့လိုင်း၊ အတည့် မောင်းလိုင်းနှင့် မီးပွိုင့်များတွင်မူ အများအားဖြင့် စည်းကမ်းလိုက်နာ ကြသည်ကို တွေ့ရသည်။ နံနက်စောစော ကားရှင်းချိန်တွင် အချို့ သောယာဉ်များ မီးနီဖြတ်မောင်းခြင်း၊ ကွေ့လိုင်းမှ အတည့်မောင်း ခြင်း၊ အတည့်လိုင်းမှ ရုတ်တရက် ချိုးကွေ့ခြင်းများ တွေ့ရသည်။ သို့ရာတွင် ပုဂ္ဂလိကယာဉ်များမှာ စည်းကမ်းဖောက်မှု အနည်းငယ် သာတွေ့ရပြီး ထို့သို့ စည်းကမ်းဖောက်ချိန်မှာလည်း ယာဉ်သွားလာမှု နည်းသော နံနက်အစောပိုင်းနှင့် ညဥ့်နက်ပိုင်းများတွင် ဖြစ်လေ့ရှိ သည်။ စည်းကမ်းအဖောက်ဆုံးမှာ တက္ကစီများနှင့် YBS ယာဉ်များ ဖြစ်ကြသည်။ YBS ယာဉ်များသည် အရွယ်အစားကြီးမားသဖြင့် ကျန်ယာဉ်ငယ်များကို လေးစားမှုမရှိ၊ မှတ်တိုင်များတွင်လည်း လမ်းလယ်ခေါင် ရပ်ချင်ရင်ရပ်သည်။ ယာဉ်တစ်စီးစာရလျှင် ကွေ့လိုင်းသော၊ အတည့်လိုင်းသောများမရပ်ဘဲ အတင်းတိုးဝင်သည်။ ကွေ့ချင်လျှင်လည်း အတင်းအကြပ် ကွေ့သည်များ ကြုံတွေ့ရသည်။ ပြောရလျှင် ရန်ကုန်တွင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုအားနည်းချက်များ တွေ့နေရသည်။

လူကူးမျဉ်းကျားများ ရေးဆွဲထားသော်လည်း လမ်းကိုဖြတ်ကူးချင်သလို ကူးကြသည်။ ရန်ကုန်မြို့တွင် လူစည်ကားသော ရွှေတိဂုံဘုရားအနီးတွင် ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် လူသွားလူလာများ၍ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်လေ့ရှိသည်။ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ဦးဝိစာရလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်၊ မြေအောက်လူကူးဥမင်ဖောက်လုပ်ပေးခဲ့ပြီး ထိုမှပင် လမ်းဖြတ်ကူးစေသည်။ လမ်းလယ်ကျွန်းများတွင်လည်း လူများဖြတ်သန်းခြင်း မပြုနိုင်အောင် အတားအဆီးများ တပ်ဆင်ထားသည်။ သို့ရာတွင် စည်းကမ်းမဲ့သူ အချို့ကမူ လမ်းခွကျော်ဖြတ်ကူးပြီး ကလေးငယ်များကို ပွေ့ချီကာ ယာဉ်တားများကို ဖြတ်ကျော်ခြင်း၊ လူကြီးများကလည်း ကျော်ခွသွားခြင်းများဖြင့် မြေအောက်ဥမင်ကို မသွားဘဲ အလွယ်တကူပင် ဖြတ်သန်းနေကြသည်။ ထိုသူများကြောင့်ပင် ယာဉ်များမှာ ပုံမှန်အရှိန်နှုန်းဖြင့် မသွားနိုင်၊ ကြန့်ကြာ၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ရသည်။

ထိုသို့ပင် မန္တလေးမြို့ကို လေ့လာကြည့်လျှင် ရုံးဌာနများ၊ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စည်းကမ်းလိုက်နာမှုများကိုတော့ ဖော်ပြရန်မရှိပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုနှင့်ပတ်သက်၍မူ များစွာအားနည်းချက်ရှိကြောင်း တွေ့ရသည်။ မန္တလေးမြို့သည် ယခင်က စက်ဘီးမြို့တော်အဖြစ်မှ တိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ဆိုင်ကယ်မြို့တော် ဖြစ်လာခဲ့သည်။ အိမ်တိုင်း အိမ်တိုင်းတွင် ဆိုင်ကယ်တစ်စီးတော့ အနည်းဆုံးရှိကြသည်။ ထိုဆိုင်ကယ်စီးသူများအနေနှင့် အများစုမှာ စက်ဘီးအစား ဆိုင်ကယ်အစားထိုးလာကြ၍ ယာဉ်စည်းကမ်းကို သိရှိလိုက်နာမှုအပိုင်းတွင် အားနည်းချက်များရှိခဲ့သည်။

ဆိုင်ကယ်များမှာ ယာဉ်စည်းကမ်းထိန်းသိမ်းမှုတွင် အားအနည်းဆုံးနှင့် အန္တရာယ်အများဆုံးဖြစ်သည်။ အရှိန်တင်မောင်းနှင်ခြင်း၊ မီးနီတွင်မရပ်ဘဲအရှိန်မြှင့် မောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်းတို့ အများဆုံးတွေ့ရသည်။ ကားများ ညာကွေ့ရန် အချက်ပြမီးပြထားသော်လည်း ညာဘက်မှ အတင်းအဓမ္မကျော်တက်ခြင်း၊ ကွေ့ချင်လျှင် အချက်မပြဘဲကွေ့ခြင်း၊ ညအချိန်နှင့် နံနက်အစောပိုင်းတွင် မီးမပါဘဲ အရှိန်မြှင့်မောင်းနှင်ခြင်းတို့ အများဆုံး ပြုလုပ်ကြသည်။ ယာဉ်ကြီးနှင့် ယာဉ်ငယ်တိုက်လျှင် ယာဉ်ငယ်က အသာစီးရနိုင်သည်ဟူသော အသိကြောင့်ပင်လားမသိ၊ ကားများကို မထီမဲ့မြင်ပြုလုပ်မောင်းနှင်ကြသည်။ အများစုမှာ ညနေပိုင်းလောက်တွင် ဆိုင်ကယ်ဦးထုပ်မဆောင်းကြ၊ ကိုယ့်အန္တရာယ်ကာကွယ်ရေး ဆိုင်ကယ်ဦးထုပ်ကို ဘေးချိတ်ထားပြီး မောင်းနှင်ကြသည်။ မန္တလေးထက် လူပိုမိုများပြား စည်ကားသော၊ ဆိုင်ကယ်စီးနင်းမှု ပိုမိုများပြားသော အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံတွင် ဆိုင်ကယ်များ ရှုပ်ထွေးများပြားသော်လည်း ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းစီးကြသည်ကို တွေ့ရသည်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းကြောင့် ယာဉ်တိုက်မှုတွင် အသက်အန္တရာယ် ကင်းလွတ်သူများကိုလည်း တွေ့ရသည်။ ဦးထုပ်မဆောင်းခြင်းကြောင့် အသက်အန္တရာယ်ကြုံတွေ့ရသည်များကိုလည်း တွေ့မြင်နေရသည်။

မော်တော်ယာဉ်များမှာလည်း ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း လိုက်နာမှုအပိုင်းတွင် အတော်အားနည်းသည်ကို တွေ့ရသည်။ မော်တော်ယာဉ်အများစုသည် မီးနီတွင် ရပ်လေ့မရှိ၊ ကန့်လန့်ဖြတ်ယာဉ်ကြောမှ ကားမရှိလျှင် ဖြတ်ကူးကြသည်။ မီးနီတွင်ရပ်ပါကလည်း မီးစိမ်းမပြမီ ဖြတ်မောင်းကြသည်။ကွေ့ကြောမီးစိမ်းပြလျှင် အတည့်မောင်းသည့်ကားများလည်း ဖြတ်မောင်းကြရာ ကွေ့ကြောဝင်လာသည့်ကားများနှင့် မတော်တဆထိခိုက်မှုများရှိသည်ကို တွေ့ရသည်။ မီးနီရပ်လျှင်လည်း အတည့်သွားမည့်ကားများက ကွေ့ကြောယာဉ်နည်း တစ်စီးစာပဲရရ၊ ရှေ့သို့ရောက် နိုင်သည့်အတွက် ကွေ့ကြောတွင် နေရာယူကြသည်။ ကွေ့ကြောမီးစိမ်းလျှင် အတည့်သွားမည့်ကားက ပိတ်ရပ်နေ၍ ဟွန်းတတီတီနှင့် ထွက်ခိုင်းရသည်။ တစ်ခါတစ်ရံ မီးပြန်နီသွား၍ ကွေ့ကားများ ကွေ့မရဖြစ်တတ်သည်ကိုလည်း တွေ့ရသည်။ ကားများပျက်လျှင်၊ ဘီးပေါက်လျှင်လည်း လမ်းလယ်ခေါင်တွင်ပင် ထိုးရပ်ထားတတ် သည်။ ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ်ဟူသော ဆောင်ပုဒ်ကို မေ့လျော့နေကြဟန်တူသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိခိုက်စေသော နောက်တစ်ချက်မှာ လမ်းဆုံများနှင့် မီးပွိုင့်များတွင် တောင်းစားသူများဖြစ်သည်။ ငွေတောင်းရန် လမ်းပေါ်တွင် လိုက်၍ဦးချ တောင်းစားသူများမှာ အများအားဖြင့် ကလေးငယ်များ ဖြစ်ကြသည်။ ရုတ်တရက်ကားပေါ်မှ မတွေ့နိုင်၊ ကားထွက်သည်နှင့် တိုက်မိနိုင်သည့် အန္တရာယ်ရှိသည့်အပြင် ယာဉ်မောင်းမှာလည်း ဥပဒေအရ အရေးယူခံရနိုင်၍ တောင်းရမ်းစားသောက်သူများကိုလည်း ထိန်းသိမ်းသင့်ပေသည်။ ယာဉ်စည်းကမ်းထိန်းသိမ်းသော ယာဉ်ထိန်းများမှာလည်း လက်ရှိယာဉ်၊ ဆိုင်ကယ်အရေအတွက်နှင့် နှိုင်းဆလျှင် အရေအတွက် နည်းပါးလှသည်။ လူထုအားလုံးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အထွေထွေစည်းကမ်းများကို လိုက်နာပါမှ စည်းကမ်းကောင်းမွန်စွာနှင့် တိုးတက်လာမည် ဖြစ်ပါသည်။ မြန်မာတွေ စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရသည်ဟူသော ဆိုရိုးကို သင်ခန်းစာယူပြီး စည်းကမ်းကောင်းမွန်၍ တိုးတက်နေသော နိုင်ငံများကို အတုယူ၍ မန္တလေးမြို့သည်လည်း စည်းကမ်းကောင်းမွန်၍ တိုးတက်သောမြို့တစ်မြို့ ဖြစ်ပေါ်လာပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

















✻ ကျောဖုံးမှ

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံ သင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများအသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက်ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက် ပေးလျက်ရှိပြီး နိုင်ငံသားများ အနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(Team Work)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps)အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

စာမျက်နှာ ၁၂ သို့ »»

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်သည် ယနေ့နံနက်ပိုင်းတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် အွန်လိုင်းဖြင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိတက္ကသိုလ်များ၏ စာမေးပွဲကာလ နီးကပ်လာပြီဖြစ်သည့်အတွက် စာမေးပွဲအောင်မြင်စွာကျင်းပရေး၊ မေးခွန်းများ လုံခြုံမှုရှိစေရေး၊ အဖြေလွှာများ မပျောက်ပျက်စေရေးနှင့် အမှားအယွင်းကင်းရေးကို အလေးထားဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရန် လုံခြုံစိတ်ချရသည့် ပတ်ဝန်းကျင် ဖန်တီးပေးရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် တက္ကသိုလ်အသီးသီးတွင် စကားဝိုင်းဆွေးနွေးပွဲများနှင့် သုတေသနအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန်၊ ရာထူးတိုး၊ အပြောင်းအရွှေ့များဆောင်ရွက်ခြင်း အတွက် မူဝါဒများချမှတ်ရန်၊ Grade 10, 11, 12 သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ တက္ကသိုလ်စာကြည့်တိုက်များတွင် စာကြည့်တိုက်အသုံးပြုမှုမှတ်တမ်းထားရှိရန်၊ တက္ကသိုလ် ပညာရပ်များ အဆင့်မြင့်မားရေး စာကြည့်တိုက် အခြေပြုရန် လိုအပ်သောကြောင့် ချမှတ်ထားသည့် မူဝါဒများအတိုင်း ဆောင်ရွက်သွားကြရန် ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တက်ရောက်လာသူများက တက္ကသိုလ်ပညာရပ်များ အဆင့်မြင့်မားရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေး တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

»»» စာမျက်နှာ ၁၁ မှ

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်။





(၁)

အရပ်သားဘဝမှာတုန်းကတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားဆိုတဲ့ ပုံစံမျိုးပဲရှိခဲ့ပြီးတော့ တပ်မတော်သားဘဝကို ရောက်လာတဲ့အချိန်မှာ မနက် အိပ်ရာထတာကအစ ညဘက် အိပ်ရာပြန်ဝင်သွားတဲ့ အချိန်အထိ အကုန်လုံးက အချိန်ဇယားအတိုင်း၊ စည်းကမ်းအတိုင်းပဲ သွားနေတော့ ကိုယ့်ကိုယ်ကိုယ် စည်းကမ်းတော်တော်ကောင်းမွန်လာတယ်လို့ ခံစားမိပါတယ်။ တပ်မတော် ဆိုတာကတော့ တကယ် စည်းကမ်းသေသေသပ်သပ်ရှိပြီးတော့ အကုန်လုံးကို စည်းကမ်းရှိရှိနဲ့ နေထိုင်သွားတတ်ဖို့ ဘဝမှာဘယ်လိုအေးအေးဆေးဆေးနဲ့ ဘယ်လိုဖြတ်သန်းပြီး နေရမလဲဆိုတဲ့ ပညာတွေ အကုန်လုံးသင်ပေးတဲ့ နေရာကြီး တစ်ခုဆိုတာ မှာချင်ပါတယ်။ တပ်မတော်အပေါ်မှာ သစ္စာရှိရှိနဲ့ တာဝန် ထမ်းဆောင်သွားမှာပါ။ ကျွန်တော့်အနေနဲ့ နောင်ဝင်လာမယ့် ညီအစ်ကိုတွေကို ကြိုဆိုလျက်ပါ။ ဒီမှာက စည်းကမ်းကောင်းမွန်အောင်လို့ သေသေချာချာ လေ့ကျင့်ပေးတယ်။ အတတ်ပညာတွေကို အကုန် အစုံအလင် သင်ကြားပေးတယ်ဆိုတာကိုလည်း ပြောချင်ပါတယ်။

(၂)

ဒီသင်တန်းကို ကျွန်တော်တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ ကျရောက်နေတဲ့ အဖျက်အမှောင့်ရန်တွေကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ဖို့ရယ်၊ နိုင်ငံသား တစ်ယောက်အနေနဲ့ ဂုဏ်ယူချင်လို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၄) ကို တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်တဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ရမယ့် အသိစိတ်ဓာတ်တွေကို သိရှိနားလည်လာတယ်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တွေကို ဖြစ်ပေါ်လာစေတယ်။ နိုင်ငံတော်ကာကွယ်ရေး အင်အားလည်း တိုးပွားလာစေတယ် စတဲ့အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။ သင်တန်းမှာ တွေ့ကြုံခဲ့ရတာတွေကတော့ အစပိုင်းမှာ အလွန်ကိုပင်ပန်းခဲ့ပါတယ်။ ဒါပေမဲ့ နည်းပြဆရာတွေရဲ့ သွန်သင်ဆုံးမမှု၊ အားပေးစောင့်ရှောက်မှု တွေကြောင့် တဖြည်းဖြည်း လေ့ကျင့်သားပြည့်ဝလာပြီးတော့ သင်တန်းကို အခက်အခဲတွေ ကြားထဲကနေ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ သင်တန်းဆင်းသွားပြီဆိုတော့ တာဝန်ကျရာ တပ်ရင်းတပ်ဖွဲ့တွေမှာ သင်တန်းကျောင်းက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို လက်တွေ့ အသုံးချပြီးတော့ ပေးအပ်လာမယ့် တာဝန်တွေကို အမြဲတမ်း စစ်သည်ညီနောင်များနဲ့ အတူ ကျေပွန်စွာ ထမ်းဆောင်မယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ဖို့ အတွက် နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို မဖြစ်မနေ တက်ရောက်ပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီအတွေ့အကြုံကို အခြေခံပြီးတော့ ကိုယ့်ကိုသင်ပေးထားတဲ့ ပညာရပ်တွေနဲ့ တတ်စွမ်းသလောက် ကာကွယ် စောင့်ရှောက်သွားမှာပါ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၄)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ နန်းမြို့အတွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြင်ဦးလွင်တပ်နယ်နှင့် မိတ္ထီလာတပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံများ၌လည်း တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၃၈)

ဝ-ဝ-ဝ-ဝ-ဝ

# မိတ္ထီလာခရိုင်တွင် ဝါသီးနှံပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး TOT သင်တန်း ဖွင့်လှစ်ပို့ချ



**မိတ္ထီလာ စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ဝါသီးနှံပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး TOT သင်တန်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးဝန်ထမ်းများအား ဝါသီးနှံပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၇၀၀ ထွက်ရှိရေး TOT သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ ဝါသီးများ တင်ရှိပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာများ ထည့်သွင်းသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျရောစပ်သုံးစွဲရေး၊ EM ဘိုကာရှီပြုလုပ်သုံးစွဲရေးစသည်တို့မှာကြားကာ အဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။ ၎င်းနောက် သင်တန်းကို ဆက်လက်ပို့ချရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ဝါအထွက်နှင့် အရည်အသွေး တိုးတက်အောင်ဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်များ၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ခြံတာဝန်ခံ ဒေါ်တင်မိုးသူက ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးဆိုင်ရာ ဆောင်ရွက်ရမည့် နည်းစနစ်များ၊ ပန်းတော်ဆက် ဝါသီးနှံမျိုးသန့်ခြံ တာဝန်ခံ ဒေါ်သန်းနွယ်ဌေးက ဝါအထွက်နှုန်း စံကွက်ကောက်သိမ်းတိုင်းတာနည်းများအကြောင်းကိုပို့ချခဲ့သည်။ ထို့အပြင် ဂွမ်းမွေးနှင့် ချည်အရည်အသွေး စမ်းသပ်ဌာနမှ တာဝန်ခံ ဒေါ်အေးမို့မို့ခင်က ဝါချည်မျှင် အရည်အသွေးဆိုင်ရာ နည်းပညာများ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာထွန်းက ချည်မျှင်ရှည်ဝါမျိုးကွဲများ၏ အရည်အချင်းလက္ခဏာများနှင့် ဝါသီးနှံအထွက်နှုန်းမြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းစနစ်များ၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဌေးက ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရန် မြေဆီလွှာအာဟာရပြည့်ဝရန် ဆောင်ရွက်ပေးခြင်း နည်းပညာများနှင့် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းမြတ်ခိုင်က ဝါသီးနှံတွင် ကျရောက်တက်သော ပိုးမွှားရောဂါနှင့် ကာကွယ်နှိမ်နင်းနည်းများအကြောင်းကို ပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်း(၇၆)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ




(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၁)တပ်ခွဲ၊ တပ်စု(၃)မိုးညှင်းမှ တပ်စုမှူး ရဲအုပ်ဟိန်းဇော်လွင် ဦးစီးတပ်ဖွဲ့ဝင်များ ယနေ့နံနက် ၈ နာရီခွဲက ကချင်ပြည်နယ်၊ မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း (မီးရထား) ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့စဉ်။

(ကဆ)

# မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေး ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ၂၇လမ်းနှင့် ၂၈ လမ်းကြား၊ ၈၈ လမ်းနှင့် ၈၉ လမ်းကြားရှိ မဟာလောကရံသီ အိမ်တော်ရာစေတီတော်၊ ရတနာဃရ ၁၄ ခန်း ဓမ္မဗိမာန်တော်တွင် ယနေ့နံနက် ၁၁ နာရီက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပပြုလုပ်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးကျော်ကျော်ထိုက်၊ ဦးဝင်းအောင်၊ အတွင်းရေးမှူး ဒေါ်စုလှဲ့ရည်ထွေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလင်းဖြိုး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မဲပေးစက်၏ လုပ်ဆောင်ချက်များအား ရှင်းလင်းပြောကြားခြင်း၊ တက်ရောက်လာသည့် ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောက်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၄၁)



# ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

**မူဆယ် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်ထူကိုယ်ထလမ်းများခင်းနိုင်ရေး စည်းရုံးဆောင်ရွက်ရန် လမ်းညွှန်မှု၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့တွင်းရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းများကောင်းမွန်ရေးတို့ကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၇ နာရီ တွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်၊ ကောင်းမူးလွယ်နယ်မြေ ဖူလီလိုက်လမ်းအား ကိုယ်ထူကိုယ်ထကွန်ကရစ်ခင်းခြင်းဆောင်ရွက်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မူဆယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်လင်း၊ အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး(ဒုတိယညွှန်ကြားရေးမှူး)နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွဋ်(အင်ဂျင်နီယာမှူး) ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။



အဆိုပါ ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းသည် အရှည် ၁၂၀၄ ပေ၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မရှိပြီး လုပ်ငန်းဆောင် ရွက်မှုကုန်ကျစရိတ်ကျပ်သိန်း ၇၁၀ ကုန်ကျမည်ဖြစ်ပါပြီး ကိုယ်ထူကိုယ်ထလမ်းများ ဆက်လက်ခင်းနိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄ဝ)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်



## ပို့ကုန်ပဲများနှင့် မြေပဲ၊ နှမ်းနက်ဈေးကွက် ဆက်လက်မြင့်တက်လာ

ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံနှင့် မြေပဲ၊ နှမ်းနက်များ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်၍ ဆက်လက်ဈေးမြင့်တက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

အိန္ဒိယနိုင်ငံ၊ ဒီပါဝလီပွဲတော်ကာလအမီ မတ်ပဲနှင့် ပဲစင်းငုံကို ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောတင်လျက်ရှိရာ ဈေးကွက်အတွင်း အဝယ်သွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့လည်း မြေပဲလုံးဆန် အနည်းငယ်နှင့် နှမ်းနက်များ တင်ပို့လျက်ရှိကြောင်း၊ ပဲတီစိမ်းကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့နေရာ ပဲဈေးကွက်အတွင်း ပို့ကုန်ပဲများ ခပ်သွက်သွက် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲ၊ နှမ်းကုန်သည် ဦးဆန်းထွန်းလွင်က ပြောသည်။

"မြေပဲဆန်ဈေးကွက်မှာ ဈေးကျဆင်းမှုရပ်သွားပြီး ယခင်သီတင်းပတ်ကတည်းက ပြန်လည်မြင့်တက်နေရာ ယခုသီတင်းပတ်တွင် ဆက်လက်မြင့်တက်လျက်ရှိပါတယ်။ အစောပိုင်းက တောင်သူတွေ ငွေလိုအပ်ချက်ကြောင့် ရောင်းချမှုရှိပေမယ့် ယခုအခါ တောင်သူများ ဈေးကွက်ထိန်းပြီး ရောင်းနေလို့ မြေပဲဆန်ဈေးက တစ်ပိဿာကို ငွေကျပ် ၈၀၀၀ အထိ ပေါက်ဈေးဖြစ်လာပါတယ်။ ဆီစက်ပိုင်များကလည်း ပဲဖတ်ဈေး မြင့်တက်နေလို့ မြေပဲဈေးလည်း ဈေးပေးဝယ်လာပါတယ်။ နှမ်းမျိုးစုံ ဈေးကွက်ကတော့ ပို့ကုန်သမားအဝယ်ပေါ်မူတည်ပြီး အနည်းငယ် အတက်၊ အကျ ရှိပေမယ့် လက်ရှိမှာ ဈေးငြိမ်နေပါတယ်။ ပဲတီစိမ်းကို ဗီယက်နမ်နိုင်ငံသို့ တင်ပို့နေလို့ ပဲတီစိမ်းလည်း အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁၁ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အနည်းငယ်အတက်အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၄၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၃၀၀၀၊ ၉၂၉ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၄၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ စက်တင်ဘာ ၁၁ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၆၆၀၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ ပဲထောပတ်(သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဈေးပြန်လည်မြင့်တက်လာရာ စက်တင်ဘာ ၁၁ ရက်တွင် နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ(ဗမာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအား ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**ရွှေမန်း**

## ဆောင်းရာသီစိုက် ကန်စွန်းဥများ စိုက်ပျိုးစရိတ် မြင့်မားလာ

ပုသိမ်ကြီးမြို့နယ်၊သံဘိုကျွန်းကျေးရွာတွင် ဆောင်းရာသီစိုက် သီးနှံအဖြစ် ကန်စွန်းဥများကို အများဆုံးပြန်လည်စိုက်ပျိုးကြရာ ယခုနှစ် ကန်စွန်းဥစိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ကျော် ကုန်ကျကြောင်း တောင်သူများထံမှ သိရသည်။

ဆောင်းရာသီစိုက် ကန်စွန်းဥကို စက်တင်ဘာလဆန်း ဧရာဝတီမြစ်ရေ ကျဆင်းမှုနှင့်အတူ ကုန်းမြင့်ပိုင်းတွင် ကျရောက်သည့် ကျွန်းမြေများတွင် စတင်စိုက်ပျိုးလျက်ရှိရာ မြေပြုပြင်ခြင်း၊ မျိုးသွင်းအားစုလုပ်အားခများ ဈေးမြင့်တက်လာတာနှင့်အတူ စိုက်ပျိုးစရိတ်များ ယခင်နှစ်ထက် ပိုမိုမြင့်တက်လာကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ ကန်စွန်းစိုက်တောင်သူ ဦးခင်မောင်ရင်က ပြောသည်။

"စက်တင်ဘာလဆန်းပိုင်းရေကျတာနဲ့တစ်ခါတည်း မြေပြင်ပြီး စိုက်ပျိုးပါတယ်။ ဒီနှစ်က မျိုးတစ်ထုံးကို ငွေကျပ် ၅၀၀၀ ပေးရပြီး တစ်ဧကလျှင် မျိုးထုံး ၁၇၅ ထုံး စိုက်ပျိုးရပါတယ်။ မျိုးဈေးတင် ငွေကျပ် ၁၀ သိန်းနည်းပါး၊ လုပ်အားခ၊ ဓာတ်မြေဩဇာဈေး၊ စိုက်ပျိုးစရိတ် စုစုပေါင်း တစ်ဧကကို ငွေကျပ် သိန်း ၂၀ ကျော် ကုန်ကျပါတယ်။ ရေဆက်လက်ကျဆင်းရင် ကန်စွန်းအပြင် မြေပဲနဲ့ ပဲအမျိုးမျိုးကို ဆက်လက်စိုက်ပျိုးသွားမှာပါ"ဟု ၎င်းက ပြောသည်။

ကန်စွန်းဥစိုက်ပျိုးမှုအနေဖြင့် ယခုနှစ်တွင် မျိုးတစ်ဧကလျှင် ငွေကျပ် ၁၀ သိန်း၊ သွင်းအားစု ငွေကျပ် ၃၂၀၀၀ ၊ လုပ်အားခ ငွေကျပ် ၁၅၀၀၀၊ မြေပြုပြင်ခ ငွေကျပ် ၃၀၀၀၀၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အပင်အားဆေးဖျန်းခြင်းများအတွက်ကို နောက်ပိုင်းတွင် ဆက်လက်ကုန်ကျမည်ဖြစ်သည်။

နှစ်စဉ် ဆောင်းစိုက်ကန်စွန်းများမှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိသောကြောင့် တောင်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။

**အောင်မြင့်မြတ်**
**(စိုက်ပျိုးရေးသတင်းထောက်)**

*-*-*-*-*-*-*



## ပြည်ပနိုင်ငံ ဈေးကွက်ရှိသည့် ဝဥအား တောင်သူများ ပိုမိုစိုက်ပျိုးသင့်

ပြည်တွင်း စိုက်ပျိုးသူများအနေဖြင့် ဝဥမှာ ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် ပိုမိုစိုက်ပျိုးသင့်ကြောင်း ပြည်ပဈေးကွက်ရှိသော သီးနှံများ လိုက်လံစိုက်ပျိုးပေးနေသူများထံမှ သိရသည်။

ပြည်တွင်းတွင် ပြည်ပပို့၍ ရရှိနိုင်သော ဝဥ အမျိုးအစားနှင့် ပြည်ပတင်ပို့နိုင်ခြင်းမရှိသော ဝဥ အမျိုးအစားရှိကြောင်း၊ ထို့အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးရေးပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို မေးမြန်းခြင်း(သို့မဟုတ်) သေချာလေ့လာစိုက်ပျိုးခြင်းတို့ကို ပြုလုပ်ပြီး စိုက်ပျိုးသင့်ကြောင်း၊ စနစ်တကျစိုက်ပျိုးလျှင် စိုက်ပျိုးတောင်သူများအတွက် အဆင်ပြေသော သီးနှံအမျိုးအစားတစ်ခု ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်ဆိုရင် ဝဥစိုက်ပျိုးမှုနဲ့ ရပ်တည်လာတာ ၁၀ နှစ်လောက်ရှိပါပြီ။ အိတ်စပို့လည်း ပို့သလို ပြည်တွင်းမှာလည်း ရောင်းချမှုတွေ ပြုလုပ်နေပါတယ်။အဓိကက စက်ရုံတွေကို ချိတ်ဆက်ရောင်းချရတာဖြစ်ပါတယ်။ ဈေးကွက်လည်းကောင်းမွန်တဲ့အတွက် စိုက်ပျိုးသင့်တဲ့ သီးနှံအမျိုးအစားတစ်ခု ဖြစ်ပါတယ်"ဟု ဝဥစိုက်ပျိုးသူ ကိုမောင်လေးက ပြောသည်။

ဝဥကို ရှမ်းပြည်နယ်ဒေသတစ်ခုတည်းတွင်သာ စိုက်ပျိုးနိုင်သည်ဟု အများစု သိရှိကြသော်လည်း မြန်မာနိုင်ငံ အနှံ့အပြားတွင် စိုက်ပျိုးနိုင်ကြောင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် အခြားသောတိုင်း၊ ပြည်နယ် အသီးသီးတွင် စနစ်တကျ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးရန်အတွက် နည်းပညာများကိုလည်း လိုက်လံဝေမျှပေးလျက်ရှိကြောင်း သိရသည်။

"ဝဥဆွေးနွေးပွဲကို ပြုလုပ်သွားဖို့ စီစဉ်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နောက်လထဲတွင် လုပ်သွားမှာ ဖြစ်ပါတယ်။ ရက်အတိအကျရရင် ပြန်လည်ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။ အခုလက်ရှိမှာ ဆွေးနွေးပွဲမတိုင်မီ ဝဥမျိုးတွေကို အခမဲ့လိုက်လံဝေမျှမှုတွေကို ပြုလုပ်ပေးလျက်ရှိပါတယ်"ဟု ဝဥဆွေးနွေးပွဲပြုလုပ်သွားမည့် ဝဥစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ဝဥကို ပြည်တွင်းစားသောက်ဆိုင်များတွင် ဟင်းလျာအဖြစ် ပိုမိုစားသုံးလာသလို မုန့်ပဲသရေစာအဖြစ် စားသုံးခြင်းနှင့် အလှကုန်ပစ္စည်းများတွင် ထည့်သွင်းအသုံးပြုမှုများလာသည်။

ယခင်က ဝဥကို သဘာဝအလေ့ကျပေါက်ရောက်သည့်အပင်များကို တူးယူကာ အခြောက်လှန်းပြီး ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အများဆုံးထွက်ရှိသည်။ ယခုအခါ အဆိုပါပြည်နယ်များအရောက် ဝဥဝယ်ယူသူများရှိလာသောကြောင့် ဝဥကို စနစ်တကျ စိုက်ပျိုးလာကြသည်။

ဝဥကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းများကို ဆိုလာစနစ်များဖြင့် အပူပေး၊အခြောက်ခံပြီး အရည်အသွေးမီ ဝဥများကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင်လည်း စီးပွားဖြစ် စိုက်ပျိုးလာကြသည်။

လက်ရှိတွင် ဝဥနှင့်ပတ်သက်၍ စိုက်ပျိုးနည်းစနစ်ပိုင်းမှာ လိုအပ်ချက်များရှိနေသေးသော်လည်း ပို့ကုန်ဈေးကွက်ရှိနေခြင်းကြောင့် တောင်သူများ စနစ်တကျလေ့လာစိုက်ပျိုးသင့်ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၈)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်


## ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Talk Show ဆောင်ရွက်

**သရက် စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Talk Show ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။




အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြာအောင်တို့က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နှင့် ဆောင်ပုဒ်ဖြစ်ပေါ်လာပုံနှင့် အိုဇုန်းလွှာအကြောင်း၊ ၂၀၂၅ခုနှစ်ရဲ့ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်၊ အိုဇုန်းလွှာရဲ့ လူသားတွေနဲ့ သက်ရှိတွေအပေါ်မှာ အကျိုးရှိပုံ၊ အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းတွေနဲ့ ဘယ်လိုနေရာတွေမှာ တွေ့ရှိနိုင်သည့်အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပ

**တာလေ စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ကျောင်းသားလူငယ်များကို အသိပညာဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာလေမြို့ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ကျောင်းသားလူငယ်များအား အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာလေမြို့ရုံးမှ ဝန်ထမ်းများက ကျောင်းသားလူငယ်များအား



စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များပြသပေးခဲ့ရာ စိတ်ဝင်တစားဖြင့် ဖတ်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ ကျင်းပ

**ပုဗ္ဗသီရိ စက်တင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အတွင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ပုဗ္ဗသီရိမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ဇေယျာသီရိခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ ပုဗ္ဗသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့်တာဝန်ရှိသူများ၊ နီပွန်ဖောင်ဒေးရှင်း ညှိနှိုင်းရေးတာဝန်ခံ ဒေါ်ခင်မြတ်ကျော်နှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်သင့် အိမ်ထောင်စု ၉၄ စုအတွက် တစ်အိမ်ထောင်လျှင် ပစ္စည်း ၁၄ မျိုးပါ အိတ် တစ်အိတ်၊ ဆန်ခြောက်ပြည်အိတ် တစ်အိတ်၊ ဆီတစ်လီတာ ဘူး တစ်ဘူး၊ ကုလားပဲ တစ်ပိဿာတို့ကို ထောက်ပံ့ပေးအပ်ရာ ငလျင်ဘေးဒဏ်သင့်ပြည်သူများက အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် ဇေယျာသီရိခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ဇေယျာသီရိခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးစောနိုင်နှင့် တာဝန်ရှိသူများ၊ ပုဗ္ဗသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိန်ကြည်၊ နီပွန်ဖောင်ဒေးရှင်း ညှိနှိုင်းရေးတာဝန်ခံ ဒေါ်ခင်မြတ်ကျော်နှင့် တာဝန်ရှိသူများ ငလျင်ဘေးဒဏ်သင့်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**




## ရာပြည့် မန်းတက္ကသိုလ်

* စိမ်းညိုပိန်းပိတ် တမာရိပ်နှင့်
ကုက္ကိုရိပ်ခို အေးမြစိုသည်
ဂုဏ်ရှိန်တင့်တဲ့ မန်းတက္ကသိုလ် ။

* စိန်ပန်းချိန်ခါ နီတျာတျာနှင့်
ထပ်ဆင့်တွဲကာ စိန်ပန်းပြာပွင့်
ထနောင်းမြင့်ဝင့် လှခေါင်တင့်ကဲ
တင့်တယ်ဆဲ ဒို့ မန်းတက္ကသိုလ် ။

* စိမ်းမြရောင်အေး ရေဖွေးဖွေးနှင့်
လယ်ကန်သင်းဘေး လေနအေးချို
လွမ်းဆွေးမှုပို မန်းတက္ကသိုလ် ။

* မြင်ကွင်းလှပ ရှမ်းရိုးမနှင့်
စိမ်းမြလယ်ကွင်း ရစ်ခွေဆင်းသည်
ဖြည်းညင်းသာယာ လွမ်းဖွယ်ရာတည့်
ရေနီမြောင်းနှင့် မန်းတက္ကသိုလ် ။

* ပျော်ရွှင်လန်းဆန်း အလွမ်းခါခါ
စာပညာသင်း သင်ယူရင်းသာ
ကဗျာမပီ စာပန်းချီဖွဲ့
မကုန်ခဲ့တဲ့ မန်းတက္ကသိုလ် ။

* ခန့်ညားထည်ဝါ တည်ငြိမ်စွာဖြင့်
ပျူဂုဏ်ကြွယ်ဆို မေတ္တာပိုသည်
အညာကျေးက မန်းတက္ကသိုလ် ။

* သြော်----
ကာလဆက်ဆက် ကမ်းဆင့်လက်ဖြင့်
ဖြန့်ဖြူးပညာ ကျိုးပြုလာသည့်
အလှရှန်းဖြာ မြကွန်းသာကား
နှစ်ပေါင်းတစ်ရာ ပြည့်ပြီတကား။ ။

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အား ဂုဏ်ပြုလျက်

နိုင်ဗလ

## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေး

**တာချီလိတ် စက်တင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးဟောပြော ပွဲကို စက်တင်ဘာ ၉ ရက် နံနက် ပိုင်းက ဝိန်းကျောက်ရပ်ကွက်ရှိ Sun Moon Light ပုဂ္ဂလိက အလယ်တန်းကျောင်းခန်းမတွင် ကျင်းပသည်။




ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းက အဖွင့်အမှာ စကားပြောကြားပြီး တာဝန်ရှိသူ များက ကျောင်းသား၊ ကျောင်းသူ များအား ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ ပေး Video Clip ကို ပြသသည်။

ထို့နောက် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယ ရဲမှူး အောင်ကျော်ဇင်က ဆင့်ပွား အသိပညာပေးခြင်းများ ဆောင် ရွက်ခဲ့သည်။

ထို့နောက် အမှတ်(၁၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အေးမင်း အောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များက ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ဟောပြောပြီး မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ က အသိပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



## ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြသ

**ရေနံချောင်း စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ရေနံ ချောင်း မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဆက် သွယ်ရေးလိမ်လည်မှု တိုက်ဖျက် ရေးဆိုင်ရာ အသိပညာပေး ဗီဒီယို ပြသခြင်းကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာ ယနေ့ ခေတ်ကာလတွင် ဆက်သွယ်ရေး နည်းပညာ တိုးတက်လာမှုကို အခွင့်ကောင်းယူပြီး လိမ်လည်မှု ဖြစ်စဉ်များ ကျူးလွန်လာနိုင်သည့် အတွက် ကျောင်းသား၊ ကျောင်း သူများ သတိပြုရှောင်ရှားနိုင်ရန် ဆက်သွယ်ရေးလိမ်လည်မှုတိုက် ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုဖိုင်နှစ်ဖိုင်ကို ပရိုဂျက်တာ ဖြင့် အသိပညာပေးပြသခဲ့သည်။

အသိပညာပေးဗီဒီယိုပြသရာသို့ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းဝင်များ တက်ရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိ ရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**မိုးကောင်း စက်တင်ဘာ ၁၂**

စက်တင်ဘာ ၉ ရက်က ကချင်ပြည်နယ် မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၉ ရက်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မိုးကောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေ စဉ် မိုးကောင်းမြို့နယ်၊ ဆားမော် ကျေးရွာ၊ ပြွန်သုံးလုံးလမ်းခွဲ အရောက်၌ ဆားမော်ကျေးရွာ ဘက်မှ ပြွန်သုံးလုံးကျေးရွာဘက် သို့ ဆားမော်ကျေးရွာနေ နေလင်း ဦး(၂၃)နှစ်ဆိုသူ မောင်းနှင်လာ သော NISSAN ADVAN အဖြူရောင် မော်တော်ယာဉ်နှင့် ဆားမော်ကျေးရွာဘက်မှ ပြွန်သုံး လုံးကျေးရွာဘက်သို့ မိုးကောင်း မြို့နယ်၊ ကဝါးယံကျေးရွာနေ ကြည်မြင့်(၇၁)နှစ်ဆိုသူ မောင်း နှင်လာသော TOYOTA HON- DA FIT အဖြူရောင်မော်တော် ယာဉ်တို့ကိုလည်းကောင်း၊ အလား တူ ကချင်ပြည်နယ်၊ မိုးကောင်း မြို့နယ်၊ ပင်းဘောနယ်မြေရဲစခန်း မှ တပ်ဖွဲ့ဝင်များက ပင်းဘော ကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား သွား ကားလမ်းပေါ်၌ မော်တော် ယာဉ်စစ်ဆေးခြင်းများ ဆောင် ရွက်နေစဉ် မိုးကောင်းမြို့ဘက်မှ ဟိုပင်မြို့ဘက်သို့ မြစ်ကြီးနား မြို့နယ်၊ တပ်ကုန်းရပ်ကွက်နေ တူးလာ(၂၆)နှစ်ဆိုသူ မောင်းနှင် လာသော TOYOTA HAR- RIER အဖြူရောင်မော်တော် ယာဉ်ကိုလည်းကောင်း၊ ထို့အတူ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင် များက ဝဘော်ကျေးရွာအနီး ဒေသအခေါ် (၈)မိုင်တောင်ခြေ ဟိုပင်-နန့်မွန်းသွား ကားလမ်းမ ပေါ်၌ မော်တော်ယာဉ်စစ်ဆေး ခြင်းများ ဆောင်ရွက်နေစဉ် နန်းမားမြို့ဘက်မှ နန့်မွန်းမြို့ဘက် သို့ ကချင်ပြည်နယ်၊ နန်းမား မြို့နယ်၊ ညောင်ကုန်းရပ်ကွက် နေသူများဖြစ်ကြသည့် သန်းဝင်း (၅၈)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN ADVAN အဖြူရောင် မော်တော်ယာဉ်၊ ကျော်ဆင့်(၄၉) နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN ADVAN အဖြူရောင် မော်တော်ယာဉ်၊ နန်းမားမြို့နယ်၊ လယ်မိုးကျေးရွာနေသူများဖြစ်ကြ သည့် ဇော်မင်းထွေး(၂၆)နှစ်ဆိုသူ မောင်းနှင်လာသည့် NISSAN ADVAN အဖြူရောင်မော်တော် ယာဉ်နှင့် ဇော်ဝင်းဌေး(၃၂)နှစ် ဆိုသူမောင်းနှင်လာသော NIS- SAN ADVAN အဖြူရောင်မော် တော်ယာဉ်တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန် ဥပဒေဖြင့် အမှုဖွင့်အရေးယူထား ကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မကွေး စက်တင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊မကွေး မြို့နယ်၌ မီးလန့်မှု၊ မီးလောင်မှု မဖြစ်ပွားစေရေးအတွက် အောင် မေတ္တာရပ်ကွက် (၃)လမ်းရှိ စိတ် ကြိုက် ကာရာအိုကေနှင့် စင်တင် စားသောက်ဆိုင်လုပ်ငန်း၊ ကံသာ ကြီးကျေးရွာရှိ အောင်စက်သုံးဆီ အရောင်းဆိုင်တို့အား မီးဘေးလုံခြုံ ရေးအတွက် ဆောင်ရွက်ထားရှိမှု များအား မကွေးခရိုင် မီးသတ်ဦးစီး မှူး ဦးသန့်စင် ဦးစီး၍ မီးသတ် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေး ခြင်းကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါမီးဘေးလုံခြုံရေး ကွင်း ဆင်းစစ်ဆေးရာတွင် မီးဘေးလုံခြုံ အတွက် ဆောင်ရွက်ထားရှိသည့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာ များအား ကောင်းမွန်စွာ အသုံးပြု နိုင်ခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ ဝန်ထမ်းများအား မီးငြိမ်းသတ်ရေး ပစ္စည်းများဖြင့် လက်တွေ့ကိုင်တွယ် အသုံးပြုတတ်စေရန် ဇာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ပေး သွားရန်နှင့် လိုက်နာဆောင်ရွက်ရ မည့်အချက်များအား အသိပညာ ပေးခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**



## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ကလော စက်တင်ဘာ ၁၂**

စက်တင်ဘာ ၈ ရက်က ရှမ်းပြည်နယ်၊ ကလောမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုး သား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၈ ရက် နံနက် ၃ နာရီတွင် ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင် ရပ်ကွက်၊ ကလော-အောင်ပန်း ကားလမ်း မိုင်တိုင်အမှတ် ၇၇ မိုင် ၅ ဖာလုံအနီး၌ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကလော)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေး တိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မန်ကျည်းခွကျေးရွာနေ ထွန်းဇော် ဟိန်း(၃၅)နှစ်ဆိုသူ မောင်းနှင်သည့် MITSUBISHI FUSO အမျိုး အစား မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ၌ ရပ်တန့်ထားရာ မှ ပြန်လည်ထွက်ခွာစဉ် တစ်ဖက် ယာဉ်ကြောတွင် လမ်းလျှောက်နေ သူ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဆားတောင် ကျေးရွာနေ မျိုးသန့်(၃၄)နှစ် ဆိုသူအား ဝင်ရောက်တိုက်မိခဲ့ပြီး မျိုးသန့်ဆိုသူတွင် ထိခိုက်ဒဏ်ရာ များရရှိကာ သေဆုံးသွားခဲ့သဖြင့် ထွန်းဇော်ဟိန်းဆိုသူအား အောင် ပန်း နယ်မြေရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက် ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်း ဆီးရေးကို ပြည်သူများပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြု စောင့် ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့်



အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့ လာသော စာရင်းများအရ တရား မဝင် ကျွန်း ၂၁ ဒသမ ၄၈၀၂ တန်၊ သစ်မာ ၁၃ ဒသမ ၃၀၂၂ တန်၊ အခြား ၂၉ ဒသမ ၁၆၅၀ တန်၊ စုစုပေါင်း ၆၃ ဒသမ ၉၄၇၄ တန်၊ ယာဉ်၊ ယန္တရား ကိုးစီးနှင့် တရားခံ ၁၆ ဦး ဖမ်း ဆီးရမိခဲ့ကြောင်း သစ်တောဦးစီး ဌာနမှ သိရသည်။ (ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ရာပြည့် အမှတ်တရ ဂါရဝ

**ကျော်စိုးဦး (မန်း တက္ကသိုလ်)**

မန္တလေး တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲအတွက် အစည်းအဝေးတစ်ခုအပြီးမှာ ဒေါက်တာအောင်ကျော်မိုးနှင့် ညီတော်၊ နောင်တော်တွေ အမှတ်မထင် ပြောမိခဲ့ကြတယ်။ မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်မှ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်အထိ အမှတ်တရ စာအုပ်လေးတစ်ခု ဖြစ်အောင်ပေါ့။ အဲ့ဒီနောက် MU 100 အဖွဲ့က လာရောက်ဆက်သွယ်ပြီး အဲ့ဒီအစီအစဉ်မျိုးကိုပဲ ထပ်မံပြောကြားလာတော့ ဝမ်းသာအားရပေါ့။ နန်းရှေ့ ၁၉ လမ်း မိသားစုကဖေးမှာ နှစ်ကြိမ်နဲ့ ၁၉ လမ်း၊ မာစတာ လက်ဖက်ရည်ဆိုင်မှာပါ စည်းဝေးခဲ့ကြတယ်။ စာမျက်နှာ ၁၀၀ ပါ အမှတ်တရစာအုပ်လေး လုပ်ဖို့ပါပဲ။ ပြောကြဆိုကြရင်း Artical 100 က ပိုကောင်းမယ်ဆိုပြီး သဘောတူကြတယ်။

မန္တလေး ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှာ နှစ်နှစ်တာ ပညာသင်ယူခွင့်ရခဲ့တဲ့ ကိုယ့်အတွက်တော့ ကျွန်တော့်ဆရာတချို့ ပြောသလို အပြင်အောင်ခြင်းနှင့် အောင်ခဲ့တယ်ပေါ့။ အဲ့ဒီစကားကိုလည်း ဆရာနန္ဒာသိန်းဇံတို့ လှိုင်းသစ်စာပေမှာ မွန်းတည့်နေ ခေတ်မီးတောက်အလင်္ကာ ဆရာဒိုး (ဦးကျောက်ဒိုး)က ဆရာ ဦးသိန်းဇံရဲ့ အိမ်သူအန်တီမာ (ဒေါ်ခင်မာမာ)ကို ပြောပြလို့ ကြားခဲ့ဖူးတာပါ။

မန္တလေး ဒေသကောလိပ်မှာ နှစ်နှစ်တာ သင်ယူပြီး ဇီဝသိပ္ပံကျောင်းသား၊ ကျောင်းသူပေါင်း ကိုးဦးအထိ အဲ့ဒီနှစ်က မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် (MASU) ကို ရောက်လာတာ မြန်မာစာဌာနရဲ့ အာရုံစိုက်ခံရတဲ့ အကြောင်းတစ်ခုဆိုတာလည်း နောက်မှ သိရတာပါ။ မန္တလေးမြို့ခံထဲက ကိုတင်အောင်ကျော် (မောင်မီးအောင်)၊ မခင်မမ (Dr.ခင်မမ)နဲ့ ကျွန်တော်တို့ သုံးဦးက အတွဲဆုံး တစ်မြို့တည်းသားတွေ။ ကျွန်တော်တို့ထက် မြန်မာစာမှာ စောရောက်နေကြသူတွေက အစ်ကို၊ အစ်မတွေလိုပါပဲ။ မှတ်မိသမျှ ဦးလှမြင့်၊ ဦးကျော်သောင်း၊ ဦးသန်းဆွေ၊ ဦးအောင်စောဝင်း၊ ဦးစိန်ဝင်းနှစ်ဦး၊ နန်းဆိုင်ရွှေ၊ ဒေါ်စန်းစန်းညွန့်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်တင်မာနွဲ့၊ ဒေါ်လှိုင်ဝေဝေလှ၊ ဒေါ်ခင်သီမော် တို့ပါ။ ခင်မမက မောင်သာရရဲ့ 'မတ်တပ်ရပ်လို့ လမ်းမှာငို'၊ တင်အောင်ကျော်က ကျော်အောင်ရဲ့ 'အရေးကြီးပြီ သွေးစည်းကြစို့'၊ ကျွန်တော်က လင်းယုန်သစ်လွင်ရဲ့ 'ဓမ္မဝိလာသ' အတွက် ဝေဖန်ရေးစာတမ်းတွေနဲ့ ဝိဇ္ဇာဘွဲ့ကို အသီးသီး ရယူခဲ့ကြပါတယ်။

ကျွန်တော်တို့ခေတ်က မြန်မာစာဌာနမှာ ပါမောက္ခ မရှိပါဘူး။ သာဒိုးအောင် ရွှေတံဆိပ်ဆုရှင် ဆရာကြီး ဦးမြိုင်သန့်က ကထိကဌာနမှူး တာဝန်ယူသူပါ။ လက်ထောက်ကထိကများဖြစ်ကြတဲ့ ဆရာကြီး ဦးတင်မြင့်၊ ဆရာကြီး ဦးထွန်းမြင့် (တက္ကသိုလ် မင်းမော်)၊ ဆရာကြီး ဦးဝင်းမောင်၊ ဆရာမကြီး ဒေါ်မိမိလေး၊ ဆရာမကြီး ဒေါ်လှမြတ်၊ ဆရာမကြီး ဒေါ်တင်တင်အေးတို့ တာဝန်ယူပို့ချတာ မှတ်မိပါတယ်။ အဲ့ဒီတုန်းက ဆရာကြီး ဦးတင်မြင့်တို့လည်း လက်ထောက်ကထိက ဘဝမှာ (၁၇)နှစ်ကြာနေပြီးမှ ကထိကဖြစ်ကြရတာကို နောင်မှ သိရပါတယ်။ ထူးခြားတာက ဆရာမကြီး ဒေါ်လှမြတ်ပါပဲ။ မြန်မာစာဌာနကို စတင်အလုပ်ဝင်ကတည်းက လက်ထောက်ကထိကရာထူးနှင့်ပါဆိုတာ ဆရာမကြီးကိုယ်တိုင် ပြောပြခဲ့တာပါ။ ဆရာကြီး ဦးအောင်သန်း၊ ဆရာကြီး ဦးစန်းနိုင် (မောင်မြတ်ရည် မန်းတက္ကသိုလ်)၊ ဆရာကြီး ဦးမောင်မောင်လေး၊ ဆရာမကြီး ဒေါ်ဝင်းဝင်း၊ ဆရာမကြီး ဒေါ်ကြွယ်ကြွယ်၊ ဆရာမကြီး ဒေါ်သန်းသန်းနွယ်၊ ဆရာမကြီး ဒေါ်ယဉ်မြ၊ ဆရာမကြီး ဒေါ်ရှိန်းပိုင်တို့က ကျူတိုရီယယ် အချိန်တွေမှာ ဝင်ကြရှင်းပြကြတာပါ။



မှတ်သားမိသမျှ ထူးခြားမှုတစ်ခုကတော့ ကျွန်တော်တို့ ကျောင်းသားကြီးဘဝ မဆလခေတ်မှာ စာပေဟောပြောပွဲတွေ ပိတ်ပင်ခံထားရခြင်းပါပဲ။ စာပေလွတ်လပ်ခွင့်တွေလည်း မှိုမှောင်ကျတဲ့ကာလပေါ့။ ၁၀နှစ်တာကာလလောက် ခွင့်မပြုခဲ့တဲ့ စာပေဟောပြောပွဲကို ကျွန်တော်တို့က စိတ်ဝင်တစား ကြိုးစားကြည့်ချင်တော့ ဆရာကြီး ဦးထွန်းမြင့် (တက္ကသိုလ် မင်းမော်)ထံ ပြောဖြစ်ခဲ့ကြပါတယ်။ ဆရာဦးထွန်းမြင့်က ကိုဝင်းမော် (မင်းယုဝေ)တို့ မိုးကုတ်ဟောပြောပွဲအတွက် လာကြလိမ့်မယ်။ မင်းတို့ ဆန္ဒပြုကြည့်ပေါ့လို့ ပြောတာနဲ့ ဆရာ မင်းယုဝေတို့ စီးလာတဲ့ရထား မန္တလေးဘူတာဆီ ဆိုက်မယ့်အချိန် သူငယ်ချင်း တင်အောင်ကျော်နဲ့ နှစ်ဦးသား ကြိုစောင့်နေခဲ့ကြပါတယ်။

ရထားဆိုက်တော့ ဆရာ ဦးဝန် (မင်းသုဝဏ်)ကို ဦးတိုက်နှုတ်ဆက်ဖြစ်ခဲ့ကြပါတယ်။ မန္တလေးတက္ကသိုလ် မြန်မာစာက ကျောင်းသားတွေ ဟောပြောပွဲအတွက် လာစုံစမ်းမှန်းသိတော့ စီစဉ်ရေးမှူး ဆရာ မင်းယုဝေနှင့် ညှိနိုင်းဖို့ အားပေးရင်းပြောပါတယ်။ ဆရာ မင်းယုဝေကလည်း အားပေးလက်ခံပြီး မိုးကုတ်ပွဲကအပြန်မှာ ဟောပြောပေးမယ်ပြောလို့ သူငယ်ချင်းနှစ်ယောက် ဝမ်းသာလုံးဆို့ပြီး ဆရာ ဦးထွန်းမြင့်ထံ ပြောပြသတင်းပို့ကြပါတယ်။ ဌာနမှူး ဆရာကြီး ဦးမြိုင်သန့် (ဒေါ်စာအု ရွှေတံဆိပ်ဆုရှင် )ထံ သွားရောက်တင်ပြ အသိပေးဖို့ ပြောလာတာနဲ့ ဆရာကြီး ဦးမြိုင်သန့်ထံ တင်ပြတော့ အဆူခံရတော့တာပါပဲ။ အကြောင်းကတော့ ဆရာကြီး မင်းသုဝဏ်၊ ဆရာကြီး မင်းယုဝေတို့ လာတာကို သူ့အကြောင်းမကြားဘဲ လူငယ်နှစ်ဦးက သွားရောက် နှုတ်ဆက်ခဲ့ကြတာဟာ သူ့ကို အသိမပေးရာ ရောက်နေလို့ပါ။

ဆရာကြီး ဦးထွန်းမြင့်က ကြားဝင်ပြီး ကလေးတွေကို ကျွန်တော်လွှတ်လိုက်တာပါ။ ဆရာကြီးတွေကိုလည်း မြင်ဖူးအောင်လို့ပေါ့လို့ပြောမှ ဆရာကြီး ဦးမြိုင်သန့်က စိတ်ကိုလျှော့ပြီး ဘယ်နေ့ဟောပြောပေးမယ်ပြောလဲလို့ ကျွန်တော်တို့ကို မေးပါတယ်။ မိုးကုတ်က အပြန် မန္တလေးနားမယ့်ရက်မှာ မန္တလေးတက္ကသိုလ်ထဲ နေ့လယ်ပိုင်း ဟောပြောပေးမယ့်အကြောင်း ပြောပြတော့မှ စီစဉ်စရာတွေ တက်သုတ်ရိုက် စီစဉ်ရတော့တာပါပဲ။ ဆရာကြီး ဦးတင်မြင့်ကလည်း ဝင်ရောက်တာဝန်ခံလို့ ကျွန်တော်တို့ကို ဆရာကြီး ဦးမြိုင်သန့်က ဆက်မဆူတော့တာပါ။ အဲ့ဒီစာပေဟောပြောပွဲလေးကို အင်းဝ ၉ ထဲမှာ ကျင်းပခဲ့ကြပါတယ်။ မန္တလေး စာပေဝါသနာရှင်တွေအတွက်တော့ ကြည်နူးရတဲ့ အမှတ်တရပွဲတစ်ခု ဖြစ်ခဲ့ရပါတယ်။ ဆရာကြီး မင်းသုဝဏ်၊ ဆရာကြီး မင်းယုဝေ၊ ကာတွန်း ဖေသိန်း၊ ဆရာ ဦးတင်မိုး၊ စမ်းစမ်းနွဲ့ သာယာဝတီတို့ ဟောပြောခဲ့ကြတာပါ။ ၁၉၈၀ ပြည့်နှစ်လို့ မှတ်ပါတယ်။

ကျွန်တော်တို့ခေတ်က ၁၅ ဦးလောက်သာရှိတဲ့ တတိယနှစ်မြန်မာစာ အဓိကတန်းမှာ နှစ်ဦးလောက်က ကျကျန်ရစ်တော့ နောက်ဆုံးနှစ် ဘွဲ့ယူတန်း ကျောင်းသားပေါင်းက ၁၃ ဦးလောက်ပါပဲ။ တကယ်ဘွဲ့ယူကြတော့လည်း ဘွဲ့နှင်းသဘင်မှာ တက်ရောက်ယူနိုင်သူက ရှစ်ဦးတည်း ရှိတာပါ။



မွန်ကျောက်စာကို ဆရာကြီး ဦးမြိုင်သန့်၊ မြန်မာကျောက်စာကို ဆရာမကြီး ဒေါ်လှမြတ်နဲ့ ဆရာကြီး ဦးဝင်းမောင်၊ ဆရာမကြီး ဒေါ်မိမိလေးက စကားပြေ၊ ဆရာကြီး ဦးတင်မြင့်က ရသစာပေ စကားပြေနှင့် အကြမ်းဖတ် (ဇော်ဂျီရဲ့ ရသစာပေ အဖွင့်နှင့် နိဒါန်း၊ ဖျာပုံ လှမိုးနွယ်ရဲ့ ကေသာ ရစ်ခွေ ပန်ပါလေ)၊ ဆရာမကြီး ဒေါ်တင်တင်အေးက မဏိကက်ပြဇာတ်၊ ဆရာမကြီး ဒေါ်ယဉ်မြက ကိုလိုနီခေတ်ကဗျာ၊ ဆရာကြီး ဦးထွန်းမြင့်နဲ့ ဆရာမကြီး ဒေါ်ရှိန်းပိုင်တို့က ဘာသာဗေဒနှင့် သဒ္ဒဗေဒ တို့ကိုအသီးသီးပို့ချ သင်ကြားပေးခဲ့ပါတယ်။ ဆရာကြီး ဦးမြိုင်သန့်ရဲ့ မွန်ကျောက်စာ အသံထွက်ပုံ၊ ဆရာမကြီး ဒေါ်မိမိလေးရဲ့ ရာဇာဓိရာဇ် အရေးတော်ပုံ သင်တဲ့ဟန် မာန်၊ ဆရာမကြီး ဒေါ်လှမြတ်နဲ့ ဆရာကြီး ဦးဝင်းမောင်တို့ရဲ့ မြန်မာကျောက်စာ လေ့လာသုံးသပ်ပုံ၊ ဆရာကြီး ဦးတင်မြင့် ပို့ချတဲ့ ဇော်ဂျီရဲ့ ရသစာပေ အဖွင့်နှင့် နိဒါန်း၊ ဆရာမကြီး ဒေါ်ယဉ်မြ ပို့ချတဲ့ 'မြတ်ကောဇာ လှစ်ချီလို့ ပြရမှာဖြင့် ' ဆိုတဲ့ ကိုလိုနီခေတ်ဆီးဘန်နီဆရာတော်တို့ ကဗျာ၊ ဆရာကြီး ဦးထွန်းမြင့်နှင့် ဆရာမကြီး ဒေါ်ရှိန်းပိုင်တို့ရဲ့ ဘာသာဗေဒ၊ သဒ္ဒဗေဒ ပို့ချချက်တွေက ရင်မှာ ခုထိလတ်ဆတ်နေတုန်းပါ။

၆ နှစ်တာပဲ သက်တမ်းရှည်ခဲ့တဲ့ မန္တလေးဒေသကောလိပ်ထွက် သိပ္ပံဇီဝဘာသာတွဲကနေ ဝိဇ္ဇာမြန်မာစာ အဓိကဆီ တက်လှမ်းလာခဲ့သူ ကျွန်တော်အဖို့ မြန်မာစာပေရဲ့ ကျေးဇူးတရားတွေကို ရင်မှာအောက်မေ့နေဆဲပါ။ မရှိကြတော့တဲ့ ကျွန်တော်တို့ ဆရာသမားများနဲ့ သက်ရှည်ကျန်းမာရှိကြသေးတဲ့ ကျွန်တော်တို့ ဆရာသခင်အပေါင်းကို သူငယ်ချင်းများကိုယ်စား မန္တလေး…တက္ကသိုလ် ရာပြည့်မှာ ဝန္ဒနာ ကဗျာလေးနဲ့ပဲ ဒီစာကို နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါရစေ။

**အဉ္စလီ**

**ပုဗ္ဗာစရိယ မိဘစသား ဆရာများသည်**
**စေတနာကဲ ဖောင်းလျှံရင်နှံ့**
**မဆုံ့ရှိ၏။**
**တပည့်မြင်ငြား ရင်ဝယ်သားသို့**
**ကျူးသမ္ဗုဒ္ဓဏ် သုံးပါးကံကို**
**ခွင့်လွှတ်သည်းခံ မေတ္တာမှန်၏။**
**ဆရာ့ထက်တော် တပည့်ကျော်ဟု**
**ကြားသိလေမျှ အားရကြည်ဖြူ**
**ဂုဏ်ယူကြွားဝင့် ငွားငွားစွင့်၏။**
**ဝိဇ္ဇာသိပ္ပ မြတ်သည့်ပညာ**
**ပုစ္ဆာခက်ဆစ် တစ်ရစ်မကျန်**
**ချန်ကာမရှိ တတ်သင်ဘိ၏။**
**ကျောသား ၊ ရင်သား မခြားထပ်တူ**
**ညီတူဝေမျှ စိတ်သမဖြင့်**
**မှန်ကန်ဖြောင့်မတ် ကိုယ်ကျင့်မြတ်၏။**
**ပညာလည်းဖြူ သဒ္ဓါလည်းဖွေး**
**တို့လေးစားရာ တို့ဆရာကို**
**ချစ်ခင်မြတ်နိုး ဂူပုထိုးသို့**
**ရှိုးတင်မည်**
**အဉ္စလီ …။**
**(မန်းတက္ကသိုလ်ရာပြည့်နှစ်မှာ ကျွန်တော်တို့**
**ဆရာများအတွက် အမှတ်တရစာ – )**

# မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၅ ရက်နှင့် ၇ ရက်တို့တွင် ရွှေပြည်သာမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်တို့၌ မလေးရှားနိုင်ငံနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ်မှ ကွင်းဆက်တရားခံ အခြေပြဇယား



ဖြစ်စဉ်တွင် တရားခံ ကျား ၁၆ ဦး၊ မော်တော်ယာဉ် ငါးစီး၊ ICE ၄၄၄၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူ ၁၄ ကီလိုဂရမ်(ကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့။

နေပြည်တော် စက်တင်ဘာ ၁၂

နိုင်ငံတော်အစိုးရ အနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်မှုများကို တိုးမြှင့်လုပ်ဆောင်မှုများကြောင့် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းဝယ်လျက်ရှိသည့် သောင်းကျန်းသူအဖွဲ့များနှင့် မူးယစ်ဂိုဏ်းများသည် ရေလမ်းကြောင်း၏ အားသာချက်များကိုအသုံးချကာ ရေလမ်းကြောင်းများမှတစ်ဆင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်လာကြသည်ကို တွေ့ရှိရသည်။

AA သောင်းကျန်းသူအဖွဲ့ အနေဖြင့် မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများကို ပြုလုပ်ကာ ရရှိသည့်ငွေကြေးများဖြင့် လက်နက်၊ ခဲယမ်းများ ဝယ်ယူ၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက် လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့် နှိပ်စက်သတ်ဖြတ်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက် အမှတ်(၄)လမ်းမကြီးရှိ အမှတ် ၇(က)/၂ ဂိုဒေါင်အား ဝင်ရောက်ရှာဖွေခဲ့ရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နေ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံအဆင့်ရှိ မူးယစ်ဆေးဝါးတရားခံ ထွန်းထွန်းနိုင်နှင့် AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေးအဖွဲ့ဝင် အေးသန်းထွန်းတို့ အပါအဝင် မူးယစ်ဆေးဝါး တရားခံများဖြစ်သည့် အားလျံ(ခ)ဝမ်ရှင်းလျံ၊ ထွန်းထွန်းနိုင်(ခ) အယ်လ်တီ၊ အေးမြင့်နှင့် လင်းမင်းထက်တို့ ခြောက်ဦးအား ICE ၁၈၄၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ်၊ Mitsubishi Canter (အဖြူရောင်)ယာဉ်တစ်စီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၅ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၂၂)ရပ်ကွက် မြို့ပတ်လမ်းရှိ ခြံဝင်းအတွင်း၌ တရားခံ ဇော်ဦး(ခ)ရာဂျူးနှင့် ရဲလင်းအောင်(ခ)ဂျိုးဇက်တို့အား ICE ၁၅၀၀ ကီလိုဂရမ်၊ Mark II(ခဲရောင်)ယာဉ်တစ်စီး၊ I-Zone Express(ခဲရောင်)ယာဉ်တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၃)ရပ်ကွက် အမှတ်(၄)လမ်းမကြီးပေါ်ရှိ Denko ဆီဆိုင်အနီးတွင် တရားခံ အောင်ခိုင်မိုးနှင့် ရဲကိုခိုင်တို့ နှစ်ဦးအား Toyoace(အပြာရောင်)ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ICE ၁၁၀၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်တို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ရှေ့ပြေးအဖြစ် လိုက်ပါလာသည့် AA သောင်းကျန်းသူအဖွဲ့ ထောက်ပံ့ရေးအဖွဲ့ဝင် ဝင်းနိုင်ဆန်း၊ ရေကြောင်းမှ သယ်ဆောင်နိုင်ရန် စက်လှေရှာဖွေပေးမည့်သူ တရားခံ ဇော်မျိုး၊ မောင်မောင်စိုးတို့အား Toyota Probox(အဖြူရောင်)ယာဉ် တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းနိုင်ဆန်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် မူးယစ်ဆေးဝါးများကို မလေးရှားနိုင်ငံသို့ ပို့ဆောင်ရာတွင် စက်လှေရှာဖွေပေးသူ မျိုးမင်းထိုက်(ခ) နိုအာလမ်အား ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁၀) မြောက်ရပ်ကွက်တွင် လည်းကောင်း၊ မူးယစ်ဆေးဝါးတင်ဆောင်မည့် စက်လှေများကို စောင့်ကြည့်ပေးသည့် စိုးမင်းအောင်နှင့် မင်းတင်ထက်တို့အား ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ CENTRAL ဟိုတယ် အခန်းအမှတ်(၄၁၀) တွင်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

သို့ဖြစ်၍ ဖြစ်စဉ်တွင် မူးယစ်ဆေးဝါးတရားခံ ၁၆ ဦးတို့အား ICE ၄၄၄၀ ကီလိုဂရမ်၊ ကက်တမင်း ၁၁၀၀ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၄၀၊ ဘိန်းဖြူအမှုန့် ၁၄ ကီလိုဂရမ် (မူးယစ်ဆေးဝါး ကာလတန်ဖိုးငွေကျပ် ၁၇၀ ဒသမ ၄၉ ဘီလီယံခန့်) နှင့် မော်တော်ယာဉ်ငါးစီးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး ဒုတိယတာဝန်ခံအဆင့်ရှိ ထွန်းထွန်းနိုင်၏ ထွက်ဆိုချက်အရ AA သောင်းကျန်းသူအဖွဲ့ အနေဖြင့် ၎င်းတို့အဖွဲ့ ရပ်တည်နိုင်ရေးနှင့် လက်နက်၊ ခဲယမ်းများဝယ်ယူဖြည့်တင်းနိုင်ရေးအတွက် လိုအပ်သော ငွေကြေးများရရှိနိုင်ရန် အနာဂတ် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများကို ကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိကြောင်း၊ ယခု ၎င်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကိုလည်း AA သောင်းကျန်းသူအဖွဲ့မှ ထောက်ပံ့ရေး တာဝန်ခံအဆင့်ရှိ ဖမ်းဆီးရန်ကျန်တရားခံ မင်းမြတ်ကျော်(ခ) သာစု၏ စေခိုင်းမှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ ရန်ကုလားထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင် ရောင်းချခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန်တရားခံများနှင့် ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



တရားခံများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ယာဉ်များနှင့်အတူ တွေ့ရစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ တရားမဝင် တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂ ဒသမ ၅ တန် သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက် ညနေ ၅ နာရီခွဲတွင် သတင်းအရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီးတွင် ဇေယျာလင်း၊ ရှိုင်းဝဏ္ဏအောင်၊ လင်းပိုင်ဖြိုး၊ အိုက်စွမ်နှင့် စိုင်းထွန်းတို့ ငါးဦးအား ကဖင်း ၂ ဒသမ ၅ တန် (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀၀)၊ NISSAN DIESEL ၁၂ ဘီးယာဉ် တစ်စီး၊ REVO ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဖမ်းဆီးရမိ ကဖင်းများအား သယ်ဆောင်ခိုင်းသူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ခုတ်ဝကျေးရွာနေ ဝင်းထွန်း၏နေအိမ်အား ဆက်လက်ဝင်ရောက်ရှာဖွေရာ ၎င်းမှာ တိမ်းရှောင်လျက်ရှိပြီး နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၀)အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများ၏ ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့နယ် လွန်ကျိုင်းကျေးရွာနေ အိုက်မုန်း(ခ) အိုက်နန်မုန့်(ဖမ်းဆီးရန်ကျန်)သည် မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်အတွင်းသို့ တရားမဝင် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်



တရားခံ လင်းပိုင်ဖြိုး၊ အိုက်စွမ်၊ စိုင်းထွန်း၊ ရှိုင်းဝဏ္ဏအောင်နှင့် ဇေယျာလင်းတို့အား ဖမ်းဆီးရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

❖ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲများ ကျင်းပ



ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၂**

နိုင်ငံသား တိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက် စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ သို့ ✻




## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်းက YREO အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၂**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)နောက်ဆုံးနေ့အဖြစ် ရန်ကုန်မြို့၊ ပဒုမ္မာကွင်း၌ သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားကြရာ သစ္စာအားမာန်အသင်းက YREO အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန်(၄၅+၂) မိနစ်နှင့် ၆၅မိနစ်တွင် မြတ်နိုးခင်က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Woman of the Match အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်း တိုက်စစ်ကစားသမား မြတ်နိုးခင် (ကျောနံပါတ်-၈)က ရရှိခဲ့သည်။

သစ္စာအားမာန်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲကစားအပြီးတွင် ရမှတ် ၁၆မှတ်ရရှိထားသည်။

(NGB)

0-0-0-0-0

## ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ဩဂုတ်လအတွက် ပေးအပ်သည့်ဆုများကို အာနီဆလော့၊ ဒိုမနစ်ဆိုဘော့ဇ်ဆလိုင်း၊ ဂျက်ဂရီးလစ်ရှ်တို့ ဆွတ်ခူး

**လန်ဒန် စက်တင်ဘာ ၁၂**

ပရီးမီးယားလိဂ်ပြိုင်ပွဲမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဩဂုတ်လအတွက် ဆုများကို လီဗာပူးအသင်းနည်းပြ အာနီဆလော့၊ ကွင်းလယ်ကစားသမား ဒိုမနစ်ဆိုဘော့ဇ်ဆလိုင်း နှင့် အဲဗာတန်အသင်း တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ်တို့က အသီးသီး ဆွတ်ခူးခဲ့သည်။

လီဗာပူးအသင်းနည်းပြ အာနီဆလော့သည် ရာသီအစ အဖွင့်ပွဲစဉ် သုံးပွဲစလုံးအား ရာနှုန်းပြည့်နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ထို့အတူ ကွင်းလယ်ကစားသမား ဒိုမနစ်ဆိုဘော့ဇ်ဆလိုင်းသည်လည်း လီဗာပူးအသင်းက အာဆင်နယ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဖရီးကစ်မှတစ်ဆင့် သွင်းယူပေးခဲ့သည့် သွင်းဂိုးကြောင့် တစ်လတာအကောင်းဆုံး ပရီးမီးယားလိဂ်သွင်းဂိုးဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်း တောင်ပံကစားသမား ဂျက်ဂရီးလစ်ရှ်မှာမူ အသင်းနှင့်အတူ ဩဂုတ်လအတွင်း ပရီးမီးယားလိဂ်ပွဲစဉ် သုံးပွဲကစားပြီး ဂိုးဖန်တီးမှု လေးကြိမ်ထိ ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် အကောင်းဆုံး ကစားသမားဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(NGB)

